# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**လောကကို မဂ်ဂဉ်ဏ်ရောင်ဖြင့် ထွန်းလင်းစေ၏**

ရှေးငယ်စဉ်အခါက ကုသိုလ်၌မေ့လျော့ခဲ့၍ နောင်ကြီးပြင်းသောအခါ၌ မမေ့လျော့သောသူသည် တိမ်တိုက်မှ လွတ်သောလကဲ့သို့ ဤလောကကို မဂ်ဉာဏ်ရောင်ဖြင့် ထွန်းလင်းတောက်ပစေ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက် | ၂၀၂၄ ခုနှစ်၊ မေ ၄ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၃)၊ အမှတ်(၁၈၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ/တပ်ရင်း တပ်ဖွဲ့စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကျင်းပ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း



နေပြည်တော် မေ ၃

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ/တပ်ရင်း တပ်ဖွဲ့စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစာကြည့်တိုက်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့ တက်ရောက်သည်။

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဇနီး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဇနီး၊ ဒေါက်တာမှုထန်၊ ဒေါက်တာ ဘရှေ့၊ ဦးရန်ကျော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊

*စာမျက်နှာ ၃ ကော်လံ ၁* ❊

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။


ယနေ့ *ဖတ် စ ရာ*

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၄/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးက လျှပ်စစ်သုံးယာဉ် တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများအပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ခြောက်ခုကို ခွင့်ပြု** — ပြည်တွင်းသတင်း — စာ ၆

**၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်း** — ဥပဒေ — စာ ၁၄

# ရသ၊ သုတစာပေ ရှာဖွေဖတ်ရှု အကျိုးပြု

စာတတ်ပါလျက်နှင့် စာမဖတ်သူတို့ များပြားနေခြင်းသည် ကာယကံရှင်တို့အဖို့ရော နိုင်ငံအတွက်ပါ ဆုံးရှုံးမှုတို့ရှိသည်။ စာတတ်ပါလျက် စာမဖတ်ခြင်းက ကျောင်းနေ၍ စာပေသင်ကြားခဲ့ရခြင်း၏ အနက်အဓိပ္ပာယ်ကိုလည်း သေးသိမ်ကျဉ်းမြောင်းသွားစေသည်။ သေစာရှင်စာမျှသာ ဖတ်တတ်သူအဖြစ်သို့ ရောက်ရှိသွားစေသည်။

စာပေတွင် ရသစာပေနှင့် သုတစာပေဟူ၍ရှိရာ လူတို့၏ နှလုံးသားအာဟာရ၊ ဦးနှောက်အာဟာရတို့အတွက် စာပေတို့ကို ဖတ်ရှုသင့်ကြသည်သာဖြစ်သည်။ ရသအဖွဲ့စာပေတို့ကို ဖတ်ရှုရသည့်အခါ စာပေ၏အစွမ်းကြောင့် စာဖတ်သူသည် မိမိပတ်ဝန်းကျင်နှင့် သတ္တလောက၊ ဩကာသလောကတို့ကို သတိပြုလာစေပြီး ကြည့်တတ်၊ မြင်တတ်လာစေသည်။ လောကတို့၏ သဘာဝနှင့် အလှအပတို့အပေါ် နားလည်ခံစားမှုတို့မှတစ်ဆင့် အပြုသဘောအမြင်များ၊ ချစ်ခင်တွယ်တာမှုများ၊ စိတ်ကောင်းနှလုံးကောင်းများ စသည်တို့ ဖွံ့တည်လာသည်။ ထိုအခါ တိုင်းချစ်ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်တို့မှာလည်း စာဖတ်သူ၏ စိတ်သန္တာန်တွင် ကိန်းအောင်းလာသည်။ ဘဝအောင်မြင်ရေးအတွက် အရေးပါသည့် အရည်အသွေးများဖြစ်သော အီးကျူ(EQ: Emotional Intelligence) ခေါ် စိတ်နှလုံးခံစားမှုအရည်အသွေး၊ စီကျူ (CQ: Culture Intelligence)ခေါ် မတူကွဲပြားသည့် ယဉ်ကျေးမှုများ၊ လူ့အဖွဲ့အစည်းများအပေါ် နားလည်လက်ခံနိုင်စွမ်းရှိသည့် အရည်အသွေးစသည်တို့ကိုလည်း ရသစာပေကောင်းများကို ဖတ်ရှုရာမှ ရရှိနိုင်သည်။

သုတစာပေကမူ အသိပညာဗဟုသုတတို့ တိုးပွားစေသည့် စာပေမျိုးဖြစ်ပြီး အသိအမြင်၊ အတွေးအခေါ်တို့ကို ကျယ်ပြန့်စေသည်။ စာပေမှရရှိသည့် ဘဝအတွေ့အကြုံတို့ကြောင့် ပိုမိုရင့်ကျက်သူဖြစ်စေသည်။ လူ့အဖွဲ့အစည်းတွင် ဉာဏ်ပညာဗဟုသုတ ပြည့်စုံသူ၊ စောင့်စည်းမှုရှိသူ၊ ရင့်ကျက်တည်ငြိမ်သူတို့မှာ ရှေ့တန်းမှ ဦးဆောင်တာဝန်ရယူကြရသည်။ သို့ဖြစ်သည့်အလျောက် သုတဖြစ်စေ၊ ရသဖြစ်စေ စာကောင်းပေမွန်တို့ကို ငယ်စဉ်ကာလကပင် စွဲစွဲမြဲမြဲဖတ်ရှုသည့် အလေ့အထတို့ရှိကြဖို့လိုသည်။ ကလေးသူငယ်၊ လူငယ်လူရွယ်များ အရွယ်လိုက် စာပေကို ဖတ်ရှုကြရန် ပျိုးထောင်ပေးဖို့လည်း လိုအပ်သည်။ "ယနေ့ကမ္ဘာကြီး၏ ဖွံ့ဖြိုးတိုးတက်မှုသည် ရွာတစ်ရွာကဲ့သို့ ဖြစ်နေပြီး Global Village ဟု တင်စားပြောဆိုကြသည်မှာ မှန်ပါကြောင်း၊ သို့သော် ရုပ်ဝတ္ထုပစ္စည်းများ မည်မျှပင် တိုးတက်ပါစေ၊ အဆိုပါ ရုပ်ဝတ္ထုပစ္စည်းများကို ကိုင်တွယ်အသုံးပြုကြသည့် လူသားများ၏ စိတ်ဓာတ်များသည် မတိုးတက်၊ မမှန်ကန်၊ အားနည်းနေမည်ဆိုပါက ကောင်းကျိုးထက် ဆိုးကျိုးများနှင့်လည်း ကြုံရနိုင်ခြေများကြောင်း၊ အရာရာတွင် စိတ်ကဦးဆောင်သည်ဖြစ်သဖြင့် အသိဉာဏ်ပညာပြည့်ဝကြမှသာ ကောင်းကျိုးပြည့်ဝသည့် ပတ်ဝန်းကျင်ကို ဖန်တီးနိုင်ကြမည်ဖြစ်ကြောင်း။" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည့် အခမ်းအနား၌ အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။ ပညာပြည့်ဝနှလုံးလှရန်အတွက် လူတိုင်း မိမိကိုယ်ကိုမြှင့်တင်ရန် မဖြစ်မနေလုပ်ရမည့်အလုပ်မှာ စာတတ်သူတိုင်း စာဖတ်ကြရန်ပင်ဖြစ်သည်။ စာအုပ်ဝယ်ဖတ်ရန် ငွေကြေးမရင်းနှီးလိုသူများ၊ လူငယ်လူရွယ်၊ ကျောင်းသား ကျောင်းသူများ ငွေကုန်ကြေးကျမရှိ စာဖတ်နိုင်သည့်နေရာမှာ စာကြည့်တိုက်များပင်ဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်းတွင် ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ယူဖွင့်လှစ်ပေးနေသည့် ခရိုင်နှင့် မြို့နယ်အဆင့် စာကြည့်တိုက်ပေါင်း ၄၀၀ ကျော်ရှိသလို ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် ရပ်ရွာပြည်သူလူထုအစီအစဉ်ဖြင့် ဖွင့်လှစ်နေသည့် စာကြည့်တိုက်ပေါင်း ၃၅၀၀ ကျော်ရှိသည်။ အဆိုပါ စာကြည့်တိုက်များသည် သုတ၊ ရသစာပေတို့ကို ရှာဖွေဖတ်ရှုလိုသူတို့အား ဝမ်းမြောက်ဝမ်းသာ လက်ကမ်းကြိုဆိုနေကြသည်။ စာကြည့်တိုက်များ၏ လုပ်ငန်းယန္တရားလည်ပတ်မှုသည် စာဖတ်သူတို့ များပြားစည်ကားသည်နှင့်အမျှ ပိုမိုသွက်လက်လှုပ်ရှားလာနိုင်မည်လည်းဖြစ်ရာ စဉ်းစားတွေးခေါ်ဉာဏ်နှင့် အသိပညာ၊ ဗလငါးတန်တို့ပြည့်စုံရေးအတွက် လူငယ်လူရွယ်တိုင်း စာကောင်းပေမွန်များ ဖတ်ရှုနိုင်ရေး အနီးဆုံးစာကြည့်တိုက်များသို့ စဉ်ဆက်မပြတ် သွားရောက်ဖွေရှာ ဖတ်ရှုကြရပါမည့်အကြောင်း။ ။

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ -၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

# ပြင်ဆင်ဖတ်ရှုပါရန်

၃-၅-၂၀၂၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၄ ပါ သတင်းခေါင်း၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၃/၂၀၁၄)သို့ တက်ရောက်အမှာစကားပြောကြား(အစား) **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၃/၂၀၂၄)သို့** တက်ရောက်အမှာစကားပြောကြား ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

စာတည်းအဖွဲ့

# "ရယ်ရွှင်ပျော်" ဟာသတစ်ခန်းရပ် ပြဇာတ်အစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်ပြသမည်

နေပြည်တော် မေ ၃

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များ တိုးမြှင့်တင်ဆက်လျက်ရှိရာ MRTV-HD Channel မှ အပတ်စဉ် စနေနေ့ညတိုင်း ထုတ်လွှင့်ပြသပေးလျက်ရှိသည့် "ရယ်ရွှင်ပျော်" ဟာသတစ်ခန်းရပ်ပြဇာတ် အစီအစဉ်၌ "ချစ်တယ်ဆိုတာ" ခေါင်းစဉ်ဖြင့် ယခုအပတ်တွင် စီစဉ်တင်ဆက်မည်ဖြစ်သည်။

အဆိုပါအစီအစဉ်ကို ပတ္တမြားကေခိုင် စီစဉ်ပြီး နာမည်ကျော်လူရွှင်တော်များဖြစ်ကြသည့် ဖူးချစ်၊ ထက်မြက်အောင်၊ ဝဒီထွန်း၊ ချက်ပေါက်၊ လန်းလန်း၊ ဇင်မိုးနိုင်နှင့် တိုးတက်တို့ ပါဝင်တင်ဆက်ကြမည်ဖြစ်ရာ MRTV-HD Channel မှ မေ ၆ ရက် (စနေနေ့) ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်းနှင့် မေ ၁၀ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီ သတင်းအပြီးတွင်လည်း (Replay) ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြို့နယ်များ၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာသိကောင်းစရာများ အသိပညာပေး

**ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများနှင့်စပ်လျဉ်း၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ်များ၌ အသိပညာပေးဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခြင်းနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးမှုကို စုစည်းဖော်ပြလိုက်ပါသည်။**

**ငရုတ်ကောင်း**

ဧရာဝတီတိုင်းဒေသကြီး ငရုတ်ကောင်းမြို့ နံ့သာပုကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို မေ ၃ ရက်က ကျင်းပသည်။ ဆွေးနွေးပွဲတွင် ငရုတ်ကောင်းမြို့အုပ်ချုပ်ရေးမှူး ဦးဝေယံဦးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းဥပဒေ၏ ရည်ရွယ်ချက်များ၊ စစ်မှုထမ်းရမည့် အသက်အရွယ်အပိုင်းအခြား၊ စစ်မှုထမ်းဆောင်ရမည့်ကာလ၊ စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ရမည့်သူများ စသည်တို့ကို ရှင်းလင်းပြောကြားပြီး ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။ **မြို့နယ်(ပြန်/ဆက်)**

**မိုင်းယောင်း**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးဆွေးနွေးခြင်းကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗလမင်းထင်ခန်းမ၌ မေ ၂ ရက်က ဆောင်ရွက်သည်။

ဆွေးနွေးပွဲတွင် မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့် မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဝင်များက ပြည်သူ့စစ်မှုထမ်းဥပဒေအကြောင်း သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများ၏ မေးမြန်းမှုများကို ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

**ထွန်းမြင့်လှိုင်(ပြန်/ဆက်)**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ/တပ်ရင်းတပ်ဖွဲ့ စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

*❊ ရှေ့ဖုံးမှ*

ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းနာယကနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် “စာပဒေသာဝေဆာစေမည်” ဗီဒီယို Clip ကိုကြည့်ရှုကြသည်။

**သုတရသစာအုပ်များ ပြန်လည်ပုံနှိပ်ထုတ်ဝေ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် နိုင်ငံတော်အဆင့်အခမ်းအနားများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ပြုလုပ်သည့် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုချီးမြှင့်ပွဲအခမ်းအနားများနှင့် လူငယ်နှင့်စာပေအနုပညာပွဲတော်ကဲ့သို့ အခမ်းအနားများတွင် ပြန်ကြားရေးဝန်ကြီးဌာနမှ ခင်းကျင်းပြသသည့် ခေတ်အဆက်ဆက်တွင် ထုတ်ဝေခဲ့သည့်စာအုပ်များကို လေ့လာကြည့်ရှုခဲ့ကြောင်း၊ အဆိုပါစာအုပ်များအနက် လက်ရှိအချိန်အခါတွင် ထပ်မံထုတ်ဝေသင့်သည့် စာအုပ်များ၊ ဟောင်းနေသော်လည်း ပြည်သူများ ဖတ်ရှုလေ့လာသင့်သည့် စာအုပ်များ၊ လူငယ်လူရွယ်များအတွက် အသိပညာဗဟုသုတဖြစ်စေမည့် စာကောင်းပေမွန်များ၊ ပြည်သူကိုအကျိုးပြုသည့် သုတရသစာအုပ်များကို ပြန်လည်ပုံနှိပ်ထုတ်ဝေရန် အမြဲလမ်းညွှန်အချိန်တွင် လူငယ်လူရွယ်များ လေ့လာသင့်သည့် စာအုပ်များဖြစ်သဖြင့် မိမိအကြံပြုလမ်းညွှန်သည့်အတိုင်း ပြန်ကြားရေးဝန်ကြီးဌာနကလည်း ဒုတိယအကြိမ်အဖြစ် ပြန်လည်ပုံနှိပ်ထုတ်ဝေနေပြီဖြစ်ကြောင်း။

**ဆက်လက်လှူဒါန်းသွားမည်**

ယခုအချိန်တွင် ပြန်ကြားရေးဝန်ကြီးဌာနက လူထုသိပ္ပံကျမ်းအတွဲ (၁)၊ (၂)၊ (၃) သုံးအုပ်ကို ထပ်မံထုတ်ဝေပြီးဖြစ်ကြောင်းနှင့် အတွဲ (၄) နှင့် (၅) နှစ်အုပ်



မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းသို့ နိုင်ငံတော်အစိုးရမှ လှူဒါန်းသော သုတ၊ ရသစာအုပ် ၃၅၀၀ နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး မိသားစုမှ လှူဒါန်းသည့် လူထုသိပ္ပံကျမ်း အတွဲ (၁/၂/၃) စာအုပ် ၃၀၀၀ အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း နာယက ဦးကျော်ဆန်းနှင့် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးညွန့်ဆွေတို့က လက်ခံရယူစဉ်။



တပ်မတော်မှ ဌာနချုပ်၊ တပ်ရင်း၊ တပ်ဖွဲ့ စာကြည့်တိုက်များသို့ နိုင်ငံတော်အစိုးရမှလှူဒါန်းသော သုတ၊ ရသ စာအုပ် ၂၀၀၀ နှင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး မိသားစုတို့မှ လှူဒါန်းသော လူထုသိပ္ပံကျမ်း အတွဲ(၁/၂/၃) စာအုပ် ၁၅၀၀ တို့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ပေးအပ်လှူဒါန်းရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးက လက်ခံရယူစဉ်။

**○ အသိပညာမြင့်မားအောင် လုပ်ဆောင်ကြရန်အတွက် စာကြည့်တိုက်များ၏ အခန်းကဏ္ဍနှင့် စာကြည့်တိုက်ယဉ်ကျေးမှု ထွန်းကားရေးကို လုပ်ဆောင်ကြရန်လည်း လိုအပ်မည်ဖြစ်၊ မိမိတို့နိုင်ငံသည် ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းရှိသည့်အတွက် ကျေးလက်ဒေသနေပြည်သူများ စာအုပ်စာပေဖတ်ရှုရန်နှင့် စာအုပ်စာစောင်များ လက်လှမ်းမီထားရှိပေးရန်အတွက် စာကြည့်တိုက်များကို အမှန်တကယ် အားကိုးအားထားပြုကြရမည်**

မှာကြားခဲ့ကြောင်း။

**ဒုတိယအကြိမ်အဖြစ် ပြန်လည်ပုံနှိပ်ထုတ်ဝေနေ**

အဆိုပါ စာအုပ်များအတွင်းမှ ယနေ့မိမိတို့မိသားစုက မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းကို လှူဒါန်းမည့် လူထုသိပ္ပံကျမ်းအတွဲများလည်း ပါဝင်ကြောင်း၊ လူထုသိပ္ပံကျမ်းများကို လွတ်လပ်ရေးရပြီးကာလ ၁၉၅၅ ခုနှစ်မှ ၁၉၅၈ ခုနှစ်အတွင်း အတွဲ(၉)တွဲအထိ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းကြီး(စာပေဗိမာန်)က ပထမအကြိမ်အဖြစ် ထုတ်ဝေခဲ့ခြင်းဖြစ်ကြောင်း၊ လူထုသိပ္ပံကျမ်းများတွင် စကြဝဠာ၊ ကမ္ဘာမြေ၊ ဘဝအကြောင်းရပ်များ၊ အပင်၊ တိရစ္ဆာန်၊ ဒြပ်နှင့်စွမ်းအင်၊ စက်မှုလက်မှုနှင့် လူ့အဖွဲ့အစည်းစသည်များကို သုတေသနလုပ်ငန်းများပြုလုပ်ပြီး အသိဉာဏ်ပညာ တိုးတက်စေရန် ရည်ရွယ်ပြုစုခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါစာအုပ်များသည် ယနေ့ကိုလည်း ဆက်လက်ထုတ်ဝေရန် ဆောင်ရွက်နေကြောင်း၊ ကျန်သည့်အတွဲများကိုလည်း ဆက်လက်ထုတ်ဝေသွားမည်ဟု သိရှိရကြောင်း၊ အဆိုပါစာအုပ်များသည် ယနေ့လူငယ်လူရွယ်များ သိသင့်သိထိုက်သည့်၊ လေ့လာဖတ်ရှုသင့်သည့် အသိပညာဗဟုသုတများပါခြင်းကြောင့် မိမိနှင့်မိသားစုက ယခုစာအုပ်များကို စာကြည့်တိုက်များတွင် လှူဒါန်းလိုသည့်စိတ်ဆန္ဒပေါ်ပေါက်လာပြီး ထုတ်ဝေပြီးသည့် အတွဲ(၃)တွဲမှ အတွဲတစ်တွဲကို အုပ်ရေ (၁၅၀၀) စီဖြင့် စာအုပ်ပေါင်း (၄၅၀၀)ကို နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များအတွက် မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းကို အုပ်ရေ(၃၀၀၀)နှင့် တပ်မတော်ဌာနချုပ်များ၊ တပ်ရင်းတပ်ဖွဲ့စာကြည့်တိုက်များအတွက် အုပ်ရေ (၁၅၀၀) လှူဒါန်းသွားမည်ဖြစ်ကြောင်း၊

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၊ အခမ်းအနားတက်ရောက်လာကြသူများ မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၃ မှ*

အလားတူ ပြန်ကြားရေးဝန်ကြီးဌာနကလည်း သုတရသစာအုပ် (၅၅၀၀) ကို တစ်ပါတည်း လှူဒါန်းမည်ဖြစ်ကြောင်း၊ လူထုသိပ္ပံကျမ်းအတွဲ (၄) နှင့် (၅) ထုတ်ဝေပြီးပါကလည်း ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း။

**တန်ဖိုးမဖြတ်နိုင်အောင် အကျိုးရှိမည်**

စာအုပ်စာပေဆိုသည်မှာ မည်မျှပင် ကာလကြာရှည်က ထုတ်ဝေခဲ့သည်ဖြစ်စေ မဖတ်ရ မလေ့လာရသေးပါက အသစ်ပင်ဖြစ်ကြောင်း၊ ယခုလှူဒါန်းသည့် စာအုပ်များသည် လွန်ခဲ့သည့်နှစ် (၆၀) ကျော်က ဆိုသော်လည်း ယနေ့ခေတ်လူငယ်များ မသိနိုင်သေးသည့် အကြောင်းအရာများစွာ ပါဝင်ကြောင်း၊ မိမိပင်လျှင် တချို့မသိကြောင်း၊ ထို့ကြောင့် ယခုလှူဒါန်းသည့် စာအုပ်များကို တစ်လတွင် လူတစ်ယောက်ဖတ်ဖြစ်လျှင် တစ်နှစ်စာဖတ်သူဦးရေ ၅၄၀၀၀ ကို အသိပညာများရစေမည်ဖြစ်ကြောင်း၊ စာအုပ်၏ တန်ဖိုးကိုဖော်ပြ၍ရသော်လည်း စာဖတ်သူတို့ရသည့်အသိက တန်ဖိုးမဖြတ်နိုင်အောင် အကျိုးရှိမည်ဖြစ်ကြောင်း။

**နေ့စဉ်စာဖတ်နိုင်အောင်ကြိုးစား**

မိမိနှင့် မိမိ၏ဇနီးပါ စာပေဗိမာန်စာအုပ်အသင်းဝင်များ ဖြစ်ကြကြောင်း၊ ယနေ့ အထိ နှစ်စဉ်အသင်းဝင်သက်တမ်းတိုးမြှင့်ပြီး အသင်းဝင်ဖြစ်နေခြင်းကြောင့် စာပေဗိမာန်က ဖြန့်ဝေပေးပို့သည့် လက်စွဲစာစဉ်များကို ပုံမှန်ရရှိပြီး အမြဲပင်ဖတ်ရှုလေ့လာဖြစ်ကြောင်း၊ အခြားစာအုပ်စာပေတိုက်များက ထုတ်ဝေသည့် စာအုပ်စာစောင်များကိုလည်း ဖတ်ရှုလေ့လာသင့်သည်များကို ရှာဖွေဝယ်ယူပြီး အချိန်ပေးကာ လေ့လာဖတ်ရှုလျက်ရှိကြောင်း၊ အလုပ်များသည်ဖြစ်သော်လည်း နေ့စဉ်စာဖတ်နိုင်အောင် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့အနေဖြင့် ပညာရေးကဏ္ဍကို တိုးတက်မြင့်မားလာအောင် ဘက်ပေါင်းစုံက မြှင့်တင်ပေးနေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းတက်နိုင်စေရေး အခြေခံပညာအဆင့်တွင် အခမဲ့ပညာရေးနှင့် လက်လှမ်းတမီ သင်ယူနိုင်သည့် အခွင့်အလမ်းရအောင် လုပ်ဆောင်ပေးနေကြောင်း၊ လူငယ်များသည် နိုင်ငံ၏အနာဂတ်ဖြစ်သကဲ့သို့ ပညာရေးသည်လည်း နိုင်ငံ၏အနာဂတ်ဖြစ်သည့်အတွက် ပညာတတ်လူငယ်များဖြစ်လာအောင်၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်အောင်၊ အချိန်မတိုင်မီ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းထွက်ရခြင်း မရှိအောင်၊ တန်းစဉ်ကူးပြောင်းမှုတွင် အရေအတွက်သာမကအရည်အချင်းပါ လျော့နည်းမသွားအောင် အားလုံးက ဝိုင်းဝန်းကြိုးစားဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

ပညာသင်ခြင်းသည် နိုင်ငံ၏ အနာဂတ်အတွက် မရှိမဖြစ်အရေးပါသည့် လူ့စွမ်းအားအရင်းအမြစ် ပျိုးထောင်ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် လက်ရှိ လူဦးရေ ၅၆ သန်းကျော်ရှိသည့်အနက် ဘွဲ့ရသူ သုံးသန်းခန့်သာရှိကြောင်း၊ အသက် ၂၅ နှစ်အထက် ၂၅ ဒသမ ၁၇ သန်းခန့်တွင် မူလတန်းနှင့် အလယ်တန်းအဆင့်ရှိသူ ၇၀ ရာခိုင်နှုန်းခန့်၊ ဘွဲ့ရ၊ နည်းပညာ၊ သက်မွေးပညာသင်တန်းကျောင်းနှင့် ဒီပလိုမာ ပြီးမြောက်သူဦးရေသည် တစ်နိုင်ငံလုံးတွင် ၁၃ ရာခိုင်နှုန်းခန့်သာရှိသည်ကို စာရင်းဇယားများအရ သိရကြောင်း၊ ကျောင်းသားအများစုသည် မူလတန်းပြီးဆုံးချိန်တွင် ကျောင်းထွက်သွားကြခြင်းဖြစ်သဖြင့် နိုင်ငံ့အနာဂတ်အတွက် စိုးရိမ်စရာဖြစ်နေကြောင်း၊ ထို့ကြောင့်လည်း မိမိတို့အနေဖြင့် အခြေခံပညာအဆင့်တွင် KG+9 အထိ မသင်မနေရစနစ်ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

**ထပ်မံဖွင့်လှစ်သင်ကြားပေးရန်စီစဉ်**

မိမိတို့ တာဝန်ယူဆောင်ရွက်နေချိန်တွင် အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီး မလွှဲမရှောင်သာ ကျောင်းထွက်သွားကြရမည့် လူငယ်များအတွက် ဘဝတွင် သက်မွေးပညာတစ်ခုခုပါသွားစေရေး အခြေခံပညာအထက်တန်းအဆင့်တွင် စက်မှုလက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို ဆက်လက်သင်ကြားနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ စက်မှုလက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးသက်မွေးပညာများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ခရိုင် ၅၀ က အထက်တန်းကျောင်း ၅၁ ကျောင်းတွင် ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ကြောင်း၊ ယခုလာမည့် ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် နောက်ထပ် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သင်ကြားပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

**စာဖတ်ကြစေရန် အားပေးကြရမည်**

ဘဝအတွက် စာဖတ်ရန်လိုအပ်သည့် စကားတစ်ခုမှတ်သားမိကြောင်း၊ ၎င်းမှာ စာမတတ်သူသည် ထိုင်နေသည့်လူနှင့်တူကြောင်း၊ စာတတ်ပြီး စာမဖတ်သည့်သူမှာ ရပ်နေသည့်လူနှင့်တူကြောင်း၊ စာတတ်ပြီး စာလည်းဖတ်သည့်သူမှာ လမ်းလျှောက်နေသည့်သူနှင့်တူသည်ဟုဆိုကြောင်း၊ ထို့ကြောင့် စာပေလေ့လာဖတ်ရှုကြရန် တိုက်တွန်းကြရမည်ဖြစ်ကြောင်း၊ လူငယ်များအပါအဝင် ပြည်သူများ စာဖတ်ကြစေရန် မိမိတို့ အားပေးကြရမည်ဖြစ်ကြောင်း၊ စာပေလေ့လာဖတ်ရှုနိုင်မည့် ပတ်ဝန်းကျင်များ ဖန်တီးပေးကြရမည်ဖြစ်ကြောင်း။

အသိပညာမြင့်မားအောင် လုပ်ဆောင်ကြရန်အတွက် စာကြည့်တိုက်များ၏ အခန်းကဏ္ဍနှင့် စာကြည့်တိုက်ယဉ်ကျေးမှု ထွန်းကားရေးကို လုပ်ဆောင်ကြရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းရှိသည့်အတွက် ကျေးလက်ဒေသနေပြည်သူများ စာအုပ်စာပေဖတ်ရှုရန်နှင့် စာအုပ်စာစောင်များ လက်လှမ်းတမီထားရှိပေးရန်အတွက် စာကြည့်တိုက်များကို အမှန်တကယ် အားကိုးအားထားပြုကြရမည်ဖြစ်ကြောင်း။

ယနေ့အချိန်တွင် ခရိုင်နှင့်မြို့နယ်အဆင့် စာကြည့်တိုက်ပေါင်း ၄၁၀ ကို ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ယူပြီး ဖွင့်လှစ်ပေးနေကြောင်း၊ အဆိုပါ စာကြည့်တိုက်များသည် နိုင်ငံတော်အစိုးရ၏ ထောက်ပံ့မှုဖြင့် ဖွင့်လှစ်နေသည့် စာကြည့်တိုက်များပင်ဖြစ်ကြောင်း၊ ထို့ပြင် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် ရပ်ရွာပြည်သူလူထုအစီအစဉ်ဖြင့် ဖွင့်လှစ်နေသည့် စာကြည့်တိုက်ပေါင်း ၃၅၀၀ ကျော် ဖွင့်လှစ်ထားသည်ဟုလည်း သိရကြောင်း၊ ယခုဖွင့်လှစ်နေသည်ဆိုသည့် အဆိုပါစာကြည့်တိုက်များသည် စာကြည့်တိုက်အဆောက်အအုံများ၊ စာအုပ်စာစောင်များ၊ စာအုပ်ငှားရမ်းဖတ်ရှုသူများ၊ စာကြည့်တိုက်ရန်ပုံငွေများ၊ စာကြည့်တိုက်ကော်မတီနှင့် စာကြည့်တိုက်မှူးများရှိပြီး စာကြည့်တိုက်လုပ်ငန်းများကို ပုံမှန်လည်ပတ်နေသည့် စာကြည့်တိုက်များပင်ဖြစ်သည်ဟု သိရကြောင်း၊ ယခင်က ယခုထက်များပြားသည့် အရေအတွက်ရှိခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် စာကြည့်တိုက်လုပ်ငန်းများ ရပ်နားသွားခဲ့သည်ဟုလည်း သိရကြောင်း။

**ပူးပေါင်းဆောင်ရွက်သွားကြရမည်**

ယခုကဲ့သို့ ပျက်စီးလျော့နည်းသွားသည့် စာကြည့်တိုက်များကို ယခင်အတိုင်း ပြန်လည်လည်ပတ်နိုင်ရန်အတွက်လည်း မိမိတို့လုပ်ဆောင်ပေးရန်လိုကြောင်း၊ ထိုသို့ လုပ်ဆောင်သည့်အခါ နိုင်ငံတော်အစိုးရတစ်ခုတည်းကသာ ဆောင်ရွက်၍ မရဘဲ *စာမျက်နှာ ၅ သို့*



မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း နာယက ဦးကျော်ဆန်း စာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။



မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးညွန့်ဆွေ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းမှုအတွက် ကျေးဇူးတင်စကား ပြောကြားစဉ်။

❑ **ယနေ့အချိန်တွင် ခရိုင်နှင့်မြို့နယ်အဆင့် စာကြည့်တိုက်ပေါင်း ၄၁၀ ကို ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ယူပြီး ဖွင့်လှစ်ပေးနေ၊ အဆိုပါ စာကြည့်တိုက်များသည် နိုင်ငံတော်အစိုးရ၏ ထောက်ပံ့မှုဖြင့် ဖွင့်လှစ်နေသည့် စာကြည့်တိုက်များပင်ဖြစ်၊ ထို့ပြင် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် ရပ်ရွာပြည်သူလူထုအစီအစဉ်ဖြင့် ဖွင့်လှစ်နေသည့် စာကြည့်တိုက်ပေါင်း ၃၅၀၀ ကျော် ဖွင့်လှစ်ထားသည်ဟုလည်း သိရ၊ ယခုဖွင့်လှစ်နေသည်ဆိုသည့် အဆိုပါ စာကြည့်တိုက်များသည် စာကြည့်တိုက်အဆောက်အအုံများ၊ စာအုပ်စာစောင်များ၊ စာအုပ်ငှားရမ်းဖတ်ရှုသူများ၊ စာကြည့်တိုက်ရန်ပုံငွေများ၊ စာကြည့်တိုက်ကော်မတီနှင့် စာကြည့်တိုက်မှူးများရှိပြီး စာကြည့်တိုက်လုပ်ငန်းများကို ပုံမှန်လည်ပတ်နေသည့် စာကြည့်တိုက်များပင်ဖြစ်သည်ဟု သိရ**

*စာမျက်နှာ ၄ မှ*

ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ၊ အစိုးရမဟုတ်သည့် NGOs များကပါ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ယနေ့ကမ္ဘာကြီး၏ ဖွံ့ဖြိုးတိုးတက်မှုသည် ရွာတစ်ရွာကဲ့သို့ဖြစ်နေပြီး Global Village ဟု တင်စားပြောဆိုကြသည်မှာ မှန်ပါကြောင်း၊ သို့သော် ရုပ်ဝတ္ထုပစ္စည်းများ မည်မျှပင်တိုးတက်ပါစေ၊ အဆိုပါ ရုပ်ဝတ္ထုပစ္စည်းများကို ကိုင်တွယ်အသုံးပြုကြသည့် လူသားများ၏ စိတ်ဓာတ်များသည် မတိုးတက်၊ မမှန်ကန်၊ အားနည်းနေမည်ဆိုပါက ကောင်းကျိုးထက် ဆိုးကျိုးများနှင့်လည်း ကြုံရနိုင်ခြေများကြောင်း၊ အရာရာတွင် စိတ်က ဦးဆောင်သည်ဖြစ်သဖြင့် အသိဉာဏ်ပညာပြည့်ဝကြမှသာ ကောင်းကျိုးပြည့်ဝသည့် ပတ်ဝန်းကျင်ကို ဖန်တီးနိုင်ကြမည်ဖြစ်ကြောင်း။

နိုင်ငံနှင့် ပြည်သူကိုအကျိုးပြုမည့် စာကောင်းပေမွန်များကို များများရေးသား ပြုစုထုတ်ဝေပေးကြရန်၊ ထုတ်ဝေပြီးသား စာအုပ်စာစောင်အဟောင်းများအနက် အသိပညာဗဟုသုတပေးနိုင်မည့် စာအုပ်ကောင်းများကို ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်အောင် ကြိုးစားပေးကြရန်၊ စာတတ်သူတိုင်း စာဖတ်ကြစေရေး နှိုးဆော်တိုက်တွန်းခြင်း၊ အသိပညာပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးကြရန်၊ စာတတ်ရုံ၊ အတတ်ပညာပြည့်ဝရုံသာမက စဉ်းစားတွေးခေါ်ဉာဏ်နှင့် အသိပညာပြည့်ဝသည့်၊ ဗလငါးတန် ပြည့်ဝသည့် လူငယ်များ ပေါ်ထွက်လာစေရန် တာဝန်ရှိသူများနှင့် မိဘများ၊ ဆရာ ဆရာမများက ကြိုးစားဆောင်ရွက်ပေးကြရန်၊ ကျောင်းစာကြည့်တိုက်များ၊ ရပ်ကွက် ကျေးရွာစာကြည့်တိုက်များ တိုးပွားရေး၊ ရေရှည်တည်တံ့ရေး၊ တိုးတက်ရေးတို့ကို ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

### ပေးအပ်လှူဒါန်း

ယင်းနောက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ နိုင်ငံတော်အစိုးရမှ လှူဒါန်းသော သုတ၊ ရသစာအုပ် ၃၅၀၀ နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးမိသားစုမှ လှူဒါန်းသည့် လူထုသိပ္ပံကျမ်း အတွဲ (၁/၂/၃) စာအုပ် ၃၀၀၀ အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းနာယက ဦးကျော်ဆန်းနှင့် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးညွန့်ဆွေတို့က လက်ခံရယူသည်။

### လက်ခံရယူ

ဆက်လက်၍ တပ်မတော်မှ ဌာနချုပ်၊ တပ်ရင်း၊ တပ်ဖွဲ့ စာကြည့်တိုက်များသို့ နိုင်ငံတော်အစိုးရမှ လှူဒါန်းသော သုတ၊ ရသ စာအုပ် ၂၀၀၀ နှင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး မိသားစုတို့မှ လှူဒါန်းသော လူထုသိပ္ပံကျမ်းအတွဲ(၁/၂/၃) စာအုပ် ၁၅၀၀ တို့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ပေးအပ်လှူဒါန်းရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးက လက်ခံရယူသည်။

### ကျေးဇူးတင်စကားပြောကြား

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းနာယက ဦးကျော်ဆန်းက စာကြည့်တိုက်များတည်ထောင်ဖွင့်လှစ်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးညွန့်ဆွေက စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းမှုအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

### စုပေါင်းဓာတ်ပုံရိုက်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ကြသည်။

### လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် ဓာတ်ပုံမှတ်တမ်းများကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တောင်အာဖရိကနိုင်ငံ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်အဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော ဦးမြင့်ဌေး၏ ခန့်အပ်လွှာကို လက်ခံ၍ အသိအမှတ်ပြု စာချွန်လွှာပြန်လည်ပေးအပ်

နေပြည်တော် ဧပြီ ၃

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တောင်အာဖရိကနိုင်ငံ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်အဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော ဦးမြင့်ဌေး၏ ခန့်အပ်လွှာကို ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံ၍ ၎င်းအား အသိအမှတ်ပြု စာချွန်လွှာပြန်လည်ပေးအပ်သည်။ (ဓါတ်ပုံ)

**သတင်းစဉ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် (၂၅) နှစ်အောက် ခရစ်ကက်(အမျိုးသား) ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ တက်ရောက်

**နေပြည်တော် ဧပြီ ၃**

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် (၂၅) နှစ်အောက် ခရစ်ကက် ပြိုင်ပွဲ (အမျိုးသား) ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ ကျင်းပသည်။



အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာ ဘရှေနှင့် ဦးရွှေကြိမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များသည် အခမ်းအနားသို့ တက်ရောက် လာကြသူများနှင့်အတူ ပြည်နယ်နှင့် တိုင်းဒေသကြီး ခရစ်ကက် အမျိုးသားအသင်းလိုက်ပြိုင်ပွဲ ဗိုလ်လုပွဲပွဲစဉ်အဖြစ် ရခိုင်ပြည်နယ်အသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြရာ ရခိုင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို အနိုင်ရရှိသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီးဒေါ်နုမြဖုံနှင့် ဦးသန့်စင်တို့က အမျိုးသား၊ အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲများတွင် အကောင်းဆုံးအရိုက် အားကစားသမားဆု၊အကောင်းဆုံးအပစ် အားကစားသမားဆုနှင့် အကောင်းဆုံးအားကစားဆုရရှိကြသူများကို တစ်ဦးချင်းအကောင်းဆုံး ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်နှင့် ဦးမင်းသိန်းဖုံတို့က အမျိုးသမီးအသင်းလိုက် ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိကြသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ကရင်ပြည်နယ်အသင်းကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တို့က အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိကြသည့် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အသင်းတို့ကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ရခိုင်ပြည်နယ်အသင်းကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရှေက အမျိုးသား အသင်းလိုက်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို လည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းက အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူက အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရခိုင်ပြည်နယ်အသင်းကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုဆုငွေနှင့် တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ကြသည်။ (ဓါတ်ပုံ)

၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၂၅) နှစ်အောက် ခရစ်ကက် (အမျိုးသား၊ အမျိုးသမီး) ပြိုင်ပွဲကို ပြည်နယ်နှင့် တိုင်းဒေသကြီးမှ မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန်၊ ခရစ်ကက်အားကစားနည်းကို လူငယ်လူရွယ်များ ပိုမိုစိတ်ဝင်စားလာစေရန်နှင့် ခရစ်ကက်အားကစားနည်း ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ မတ် ၂၅ ရက်မှ ဧပြီ ၃ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းများ၌ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတစ်ဝန်း ဖွင့်လှစ်ထားရှိသည့် စာကြည့်တိုက်များအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

နိုင်ငံတော်အစိုးရက ပြည်သူများ အသိပညာ ဗဟုသုတတိုးပွားစေရေးနှင့် စာအုပ်စာစောင်များ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်စေရန် နိုင်ငံတစ်ဝန်း ဖွင့်လှစ်ထားရှိသည့် စာကြည့်တိုက်များအတွက် ရန်ပုံငွေနှင့် စာအုပ်စာစောင်များ ထောက်ပံ့ကူညီပေးလျက်ရှိသကဲ့သို့ စေတနာရှင် အလှူရှင်များကလည်း ပြည်သူများ အလွယ်တကူ စာပေလေ့လာဖတ်ရှုနိုင်စေရေးနှင့်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလှူငွေနှင့်စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းလျက်ရှိပါသည်။

နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ စုပေါင်းပေးအပ်လှူဒါန်းပွဲကို မကြာမီအချိန်အတွင်း နေပြည်တော်၌ ကျင်းပပြုလုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်သူများ စာပေဖတ်ရှုလေ့လာနိုင်စေရေးအတွက် "ပညာဒါန" အလှူအဖြစ် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည် -

❖ ညွှန်ကြားရေးမှူး (ထုတ်လုပ်)
 ပြန်/ဆက် ဦးစီးဌာန
 ဖုန်း ၀၁ ၃၇၁၃၄၂ / ၀၆၇၃၄၁၂၃၇၁ / ၀၉၄၂၀၄၆၇၁၅
❖ ညွှန်ကြားရေးမှူး (ပြန်ဆက်)
 ပြန်/ဆက် ဦးစီးဌာန
 ဖုန်း ၀၆၇၃၄၁၂၀၆၄
❖ တိုင်းဒေသကြီး / ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပြန်/ဆက်ဦးစီးဌာနရုံးများ

ပြန်ကြားရေးဝန်ကြီးဌာန

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၄/၂၀၂၄) ကြိမ်မြောက်အစည်းအဝေးက လျှပ်စစ်သုံးယာဉ် တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများအပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ခြောက်ခုကို ခွင့်ပြု



**နေပြည်တော် မေ ၃**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၄/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ် (၁၈) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် စက်မှုကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍတို့မှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ခြောက်ခုကို ခွင့်ပြုပေးခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၉၁၁ သန်းနှင့် ငွေကျပ် ၈၄၅၅၀၀ ဒသမ ၈၇၆ သန်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၃၄၉ ဦးကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယခုအစည်းအဝေးက ခွင့်ပြုပေးခဲ့သည့်လုပ်ငန်းများတွင် နိုင်ငံတော်က အားပေးမြှင့်တင်လျက်ရှိသည့် လျှပ်စစ်သုံးယာဉ် တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်း၊ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်မည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများနှင့် ခရီးသွားကဏ္ဍတိုးမြှင့်စေမည့် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများလည်း ပါဝင်သည်။

၂၀၂၄ ခုနှစ် မတ်လကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ/ဒေသပေါင်း ၅၃ ခုအနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သော နိုင်ငံ/ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်သည်။ စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့်ကဏ္ဍများမှာ စွမ်းအင်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၄၈ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၄၄ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၄၃ ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားသည်။

**ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိ**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုလွှာများအား စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## မင်းလှ၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

**မင်းလှ မေ ၃**

မင်းလှမြို့နယ်တွင် အမှတ် (၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး တပ်ဖွဲ့စိတ် (သာယာဝတီ)က ဦးဆောင်၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ မေ ၃ ရက် နံနက်က ကျင်းပသည်။ **(ဓါတ်ပုံ)**

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် သာယာဝတီခရိုင် အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စိတ်မှူး ရဲအုပ်ဥက္ကာသွင်က လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပါ အကြောင်းအရာများ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပါအကြောင်းအရာများနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေပါ အကြောင်းအရာတို့ကို ပရိုဂျက်တာပြသ၍ အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

○ *ကျောဖုံးမှ*

ဒုတိယ ဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်း သည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၂၇) မှ အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်း အမှတ် ၃၁၊ ဗိုလ်လောင်း ပိုင်ဟိန်းသူအား ငွေဓားဆု ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) က သင်တန်းဆင်းမိန့်ခွန်း ပြောကြားရာတွင် တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာခဲ့ပြီး အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ တိုင်းရင်းသားပေါင်းစုံ ပါဝင်ဖွဲ့စည်းထားသည့် ပြည်ထောင်စု တပ်မတော်ကြီးဖြစ်ကြောင်း၊ ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်တွင် ဖွဲ့စည်းခဲ့သည့် ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA) ကစ၍ ယနေ့အချိန်အထိ ခေတ်အဆက်ဆက်တွင် သမိုင်းအစဉ်အလာကောင်းများနှင့် လျှောက်လှမ်းလာခဲ့သည်မှာ ပြီးခဲ့သည့် မတ် ၂၇ ရက်တွင် “၇၉” နှစ် ပြည့်မြောက်ခဲ့ပြီးဖြစ်ကြောင်း။

လွတ်လပ်ရေးရပြီးနောက်ပိုင်း အစိုးရအဆက်ဆက် နိုင်ငံရေးစနစ်အမျိုးမျိုးနှင့် အုပ်ချုပ်ခဲ့ရာတွင် ၁၉၅၈ ခုနှစ်၊ ၁၉၆၂ ခုနှစ်၊ ၁၉၈၈ ခုနှစ်နှင့် ၂၀၂၁ ခုနှစ် စသည့်ကာလများတွင် ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးမတည်ငြိမ်မှုများ၊ ပြည်ပကျူးကျော်စစ်များနှင့် ပြည်တွင်းလက်နက်ကိုင် သောင်းကျန်းမှုများကို ကြုံတွေ့ခဲ့စဉ်တွင်လည်း တပ်မတော်သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် ပြည်သူတို့၏လူမှုစီးပွားဘဝ လုံခြုံရေးတို့အတွက် တိုင်းရင်းသားပြည်သူများအရှေ့တွင် မားမားမတ်မတ်ရပ်တည်ပြီး သစ္စာရှိစွာ ကာကွယ်စောင့်ရှောက်ခဲ့သည်ကို သမိုင်းမှတ်တမ်းတွင် အထင်အရှားရှိခဲ့ပြီးဖြစ်ကြောင်း။

တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ပင်ဖြစ်ကြောင်း၊ ထိုတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်အတွက် ခေါင်းဆောင်များ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးသည့်အတွက် တပ်စုတစ်စုကို ဦးဆောင်ကွပ်ကဲရမည့်သူများအနေဖြင့် ခေါင်းဆောင်မှု ပညာရပ်များကို နားလည်တတ်ကျွမ်းထားရန် လိုအပ်ကြောင်း၊ စစ်မြေပြင်တိုက်ပွဲများသည် အသက်၊ သွေး၊ ချွေးများကိုရင်းနှီးပြီး စွန့်စားဆောင်ရွက်ရသည်ဖြစ်၍ တိုက်ပွဲတိုင်း အောင်မြင်နိုင်ရန် ခေါင်းဆောင်၏ အရည်အသွေး အခန်းကဏ္ဍသည် အလွန့်အလွန် အရေးကြီးကြောင်း၊ ခေါင်းဆောင်၏စိတ်ဓာတ်နှင့် စီမံခန့်ခွဲမှုသည် စစ်ပွဲ၏ အနိုင်အရှုံးကို ဆုံးဖြတ်ပေးသည့် အဓိက အကြောင်းအရာပင်ဖြစ်ကြောင်း၊




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်း ဗိုလ်လောင်းတပ်ခွဲများ စစ်ဆေးစဉ်။**

ခေါင်းဆောင်၏ ဦးဆောင်မှုကောင်းပါက နောက်လိုက်စစ်သည်များနှင့် တစ်စိတ်တစ်ဝမ်းတည်းဖြစ်လာပြီး တပ်ဖွဲ့တစ်ခုလုံး၏ စည်းလုံးညီညွတ်မှု အင်အားကတစ်ဆင့် တိုက်စွမ်းရည်ကောင်းကို ရရှိစေမည်ပင်ဖြစ်ကြောင်း။

**ခေါင်းဆောင်မှုအင်္ဂါရပ်နှင့် ပြည့်စုံနေရန်လို**

စစ်မှန်သည့်ခေါင်းဆောင်သည် ကိုယ်တိုင်စံနမူနာပြ နေထိုင်ကျင့်ကြံပြောဆိုပြီး လက်အောက်ငယ်သားများ၏ ယုံကြည်အားကိုးမှုနှင့် ချစ်ခင်လေးစား အသိအမှတ်ပြုမှုကို ရယူနိုင်သည့်သူများဖြစ်ကြောင်း၊ ထိုသို့ အရည်အချင်းများရရှိစေရန်အတွက် ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်ရမည့်သူများအနေဖြင့် ယနေ့ကစ၍ ခေါင်းဆောင်မှု အင်္ဂါရပ် ၁၆ ရပ်နှင့် ပြည့်စုံနေရန်လိုကြောင်း၊ ထို့ကြောင့် မိမိကွပ်ကဲရသည့် တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအပေါ်တွင် မှန်ကန်သည့် ခေါင်းဆောင်မှုနှင့်အတူ မိဘသဖွယ်စိတ်ဓာတ်၊ ခေါင်းဆောင်သဖွယ် စိတ်ဓာတ်တို့နှင့် စည်းကမ်းတကျ ကွပ်ကဲအုပ်ချုပ်မှသာ အောင်မြင်မှုကိုရရှိနိုင်မည်ဖြစ်ကြောင်း၊ လက်အောက်ကို ကွပ်ကဲအုပ်ချုပ်သည့်နေရာတွင် ဖြောင့်မတ်မှန်ကန်ပြီး ကျောသားရင်သားမခွဲခြားဘဲ အဂတိကင်းစွာဖြင့် ကွပ်ကဲအုပ်ချုပ် ဦးဆောင်မှုပေးသွားကြရန်လိုကြောင်း။

နိုင်ငံတော်ကို ကာကွယ်ရန်ဆိုသည့် အခြေခံစိတ်ဓာတ်နှင့် တပ်မတော်ကို မိမိသဘောဆန္ဒအလျောက် ဝင်ရောက်လာခဲ့ကြသည့်သူများသည် ရှိပြီး အခြေခံစိတ်ဓာတ်ကို ပိုမိုကြံ့ခိုင်မာကျောအောင် စဉ်ဆက်မပြတ် တည်ဆောက်ကြရင်း တစ်ဖက်ကလည်း မိမိဦးဆောင်ရသည့်တပ်ကို တိုက်စွမ်းရည်နှင့် တိုက်စွမ်းအားများ ပြည့်စုံအောင် လေ့ကျင့်စီမံဆောင်ရွက်နေရန် လိုအပ်ကြောင်း၊ တိုက်စွမ်းရည်ပြည့်ဝစေရန် စွမ်းရည်ထက်မြက်ပြီး အရည်အချင်းပြည့်ဝသည့် စစ်သည်များဖြစ်အောင် အဆင့်နှင့်လျော်ညီသည့် စစ်ပညာများကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်ရမည်ဖြစ်သည့်အပြင် စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှု၊ စွမ်းရည်သုံးရပ်ပြည့်စုံမှုဆိုသည့် တပ်တိုင်း၊ ရဲဘော်တိုင်းရှိရမည့် အခြေခံအရည်အချင်း (၅) ပါးနှင့် ပြည့်ဝနေအောင် အမြဲလေ့ကျင့်နေရမည်ဖြစ်ကြောင်း။

**တပ်မတော်၏အစဉ်အလာကောင်းများကို ထိန်းသိမ်းစောင့်ရှောက်**

ထို့အပြင် ဒို့တပ်မတော်၏ ကောင်းမြတ်သည့် အစဉ်အလာ (၁၂) ရပ်ကို လိုက်နာစောင့်ထိန်းပြီး စွမ်းရည်သုံးရပ် ထက်မြက်လာအောင် ကြိုးပမ်းအကောင်အထည်ဖော်သွားကြရမည် ဖြစ်ကြောင်း၊ တပ်မတော်၏ အစဉ်အလာ (၁၂) ရပ်တွင် မျိုးချစ်စိတ်ဓာတ်သည် အဓိကကျကြောင်း၊ မျိုးချစ်စိတ်ဓာတ်ရှိသူသည် စည်းကမ်းကောင်းခြင်း၊ သစ္စာရှိခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ စွမ်းရည်ရှိခြင်း၊ စွန့်လွှတ်စွန့်စားတတ်ခြင်း၊ တစ်ဦးချင်းကိုယ်ကျိုးကို ပဓာနမထားတတ်ခြင်း၊ စိတ်ဓာတ်မြင့်မြတ်ခြင်း၊ အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်သည့် ရဲစွမ်းသတ္တိရှိခြင်း၊ အပင်ပန်းဆင်းရဲခံနိုင်ခြင်း၊ ဇွဲ၊ လုံ့လ၊ ဝီရိယရှိခြင်းနှင့် ဒို့တာဝန်အရေးသုံးပါးကို အမြဲတမ်း ဦးထိပ်ပန်ဆင်ခြင်းစသည့် အစဉ်အလာများကို အလွယ်တကူ သယ်ပိုးသွားနိုင်မည်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်၏အစဉ်အလာကောင်းများကို ကိုယ်တိုင်နှင့် လက်အောက်အကြပ်စစ်သည်များကိုပါ ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ကြောင်း။

သင်တန်းကာလတွင် စစ်နည်းဗျူဟာ၊ ခေါင်းဆောင်မှု၊ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်၊ စစ်မြေပြင်အင်ဂျင်နီယာ၊ ကွန်ပျူတာနှင့် အခြားဘာသာရပ်များကို စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြားခဲ့ပြီးဖြစ်ကြောင်း၊ နည်းပညာတိုးတက်မှု မြန်ဆန်သည့်ယနေ့ခေတ်တွင် စစ်မှုဆိုင်ရာ အတတ်ပညာနှင့် စစ်နည်းဗျူဟာများသည် သမားရိုးကျမဟုတ်ဘဲ တိုးတက်မြင့်မားလျက်ရှိကြောင်း၊ ထို့ကြောင့် သင်ကြားပေးလိုက်သည့် အတတ်ပညာများနှင့် တင်းတိမ်ရောင့်ရဲမနေဘဲ ဆက်လက်လေ့လာသွားကြရန်လိုကြောင်း၊ လက်တွေ့နယ်ပယ်တွင် တာဝန်ထမ်းဆောင်ကြသည့်အခါ ကြုံတွေ့ရမည့် အခက်အခဲများကို အောင်မြင်စွာကျော်လွှားနိုင်ရန်အတွက် သင်ကြားထားသည့် သီအိုရီ (Theory)များကို အတွေ့အကြုံ၊ ဗဟုသုတများနှင့် ပေါင်းစပ်ပြီး ဆောင်ရွက်သွားကြရမည်ဖြစ်သကဲ့သို့ မိမိထက် အတွေ့အကြုံရှိသည့် အရာရှိများထံကလည်း လေ့လာဆည်းပူးကြရန် လိုအပ်ကြောင်း။

**အမြဲလေ့ကျင့်နေရန်လိုအပ်**

တပ်မတော်သားများအနေဖြင့် တိုက်စွမ်းရည်ရှိပြီး အရည်အချင်းပြည့်ဝစေရန်အတွက် **“အမြဲတမ်းလေ့ကျင့်ရမည်၊ အမြဲတမ်း စစ်ရေးသတိရှိရမည်၊ အမြဲတမ်း တိုက်ပွဲဝင်အသင့်ဖြစ်ရမည်”** ဆိုသည့် မြဲသုံးမြဲနှင့်လည်း ပြည့်စုံနေရန် လိုအပ်ကြောင်း၊ လေ့ကျင့်ရေးသည် တစ်ဦးချင်း လေ့ကျင့်ရေးနှင့် အဖွဲ့လိုက် လေ့ကျင့်ရေးဆိုပြီး အခြေခံအားဖြင့် နှစ်မျိုးရှိကြောင်း၊ ရက်သတ္တပတ် ၃၆ ပတ်ကြာ တက်ရောက်ခဲ့သည့် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)က တစ်ဦးချင်းနှင့် အဖွဲ့လိုက်အနေနှင့်ပါ လိုက်ပါလုပ်ဆောင်တတ်စေရန် လေ့ကျင့်သင်ကြားပေးလိုက်ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် **“အရေအတွက်မှ အရည်အချင်းသို့”** ဆိုသည့် လေ့ကျင့်ရေး မူဝါဒနှင့်အညီ တစ်ဦးချင်းမှသည် တပ်မတော်တစ်ရပ်လုံး စွမ်းဆောင်ရည် မြင့်မားစေရန် လေ့ကျင့်မှုများကို မှန်မှန်ကန်ကန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ **“လေ့ကျင့်မှ ကျွမ်းကျင်၊ ကျွမ်းကျင်မှ ယုံကြည်၊ ယုံကြည်မှ ရဲရင့်၊ ရဲရင့်မှ အောင်ပွဲဆင်”** ဆိုသည့် လေ့ကျင့်ရေးဆောင်ပုဒ်အတိုင်း မိမိဦးဆောင်ရသည့် တပ်စု၊ တပ်ဖွဲ့များကို အမြဲလေ့ကျင့်နေရန် လိုအပ်ကြောင်း၊ ထို့အပြင် တပ်မတော်သားတစ်ယောက် ဖြစ်သည်နှင့်အညီ ပေးအပ်လာသည့်တာဝန်များကို အချိန်မရွေး၊ နေရာမရွေး ထမ်းဆောင်နိုင်ရမည်ဖြစ်၍ ကျန်းမာကြံ့ခိုင်မှုရှိအောင်၊ ကိုယ်ခံစွမ်းအားပြည့်ဝအောင် နေထိုင်ကြရမည်ဖြစ်ကြောင်း။

စစ်စည်းကမ်းသည် တပ်မတော်၏ ကျောရိုးမဏ္ဍိုင်ဖြစ်ခြင်းကြောင့် ထုတ်ပြန်ထားသည့် တိုက်တွန်းချက်နှင့် တားမြစ်ချက်များကိုလည်း မိမိကိုယ်တိုင်သိရှိလိုက်နာကြရမည်ဖြစ်ပြီး မိမိကွပ်ကဲရသည့် တပ်ဖွဲ့ရှိ အကြပ်စစ်သည်များလည်း သိရှိလိုက်နာအောင် ကြပ်မတ်သွားရမည်ဖြစ်ကြောင်း၊ စည်းကမ်းများကို တိကျစွာလိုက်နာသည့်သူသည် အမိန့်နာခံမှုလည်း ရှိလာမည်ဖြစ်ပြီး စိတ်ဓာတ်ကောင်းမွန်ပြီး ပေးအပ်သည့်တာဝန်များကို *စာမျက်နှာ ၈ သို့*



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းအား ကျောင်းဆင်းဗိုလ်လောင်း တပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြစဉ်။**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိုးရိုပျံ့ချို မဟာသရေစည်သူ စိုးဝင်း တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂၇) သီဟတပ်ခွဲ သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

*စာမျက်နှာ ၇ မှ*

ကျေပွန်စွာထမ်းဆောင်နိုင်သူသည်လည်း စစ်စည်းကမ်းနှင့် အမိန့်များကိုအလိုလို လိုက်နာပြီးဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ဒီမြေမှာမွေး၊ ဒီမြေမှာ ကြီးပြင်းလာကြသည့် မြန်မာနိုင်ငံသားများဖြစ်ခြင်းကြောင့် နယ်ဘက်ဥပဒေများကိုစောင့်ထိန်းရသည့်အပြင် တပ်မတော်သားဘဝကို ခံယူထားခြင်းကြောင့် စစ်ဘက်ဥပဒေများကိုလည်း အဓိကလိုက်နာရသူများဖြစ်ကြောင်း၊ ထို့အပြင် တန်းပြည့်စစ်မှုထမ်းဆောင်ချိန်တွင်လည်း နိုင်ငံတကာစစ်ပွဲဆိုင်ရာဥပဒေနှင့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း (Rule of Engagement– ROE) များကိုလည်း တိကျစွာ လိုက်နာသွားရမည်ဖြစ်ကြောင်း၊ စည်းကမ်းကောင်းမွန်သည့် အဖွဲ့အစည်းသည် ရေရှည်တည်တံ့ခိုင်မြဲပြီး ရည်မှန်းချက်တာဝန်များကို ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စည်းကမ်းကောင်းပြီး အမိန့်နာခံမှုကောင်းသည့် ခေါင်းဆောင်ကောင်းများဖြစ်အောင် ကြိုးစားရမည်ဖြစ်ပြီး မိမိကွပ်ကဲရသည့် တပ်ဖွဲ့ကိုလည်း တပ်ဖွဲ့ကောင်းတစ်ရပ်ဖြစ်အောင် တည်ဆောက်သွားကြရန် မှာကြားလိုကြောင်း။

**☆ စစ်စည်းကမ်းသည် တပ်မတော်၏ ကျောရိုးမဏ္ဍိုင်ဖြစ်ခြင်းကြောင့် ထုတ်ပြန်ထားသည့် တိုက်တွန်းချက်နှင့် တားမြစ်ချက်များကိုလည်း မိမိကိုယ်တိုင် သိရှိလိုက်နာကြရမည်ဖြစ်ပြီး မိမိကွပ်ကဲရသည့်တပ်ဖွဲ့ရှိ အကြပ်စစ်သည်များလည်း သိရှိလိုက်နာအောင် ကြပ်မတ်သွားရမည်**

**☆ အောင်မြင်သည့် ခေါင်းဆောင်ကောင်းများ၏နောက်တွင် အရည်အချင်းပြည့်ဝသည့် နောက်လိုက်ကောင်းများစွာရှိ၊ စစ်မှုရေးရာများနှင့်ပတ်သက်၍ ခေါင်းဆောင်မှုပေးရာတွင် ပြတ်သားသည့် ခေါင်းဆောင်မှုမျိုးဖြစ်ရန်လို၊ အောင်မြင်သည့် ခေါင်းဆောင်ကောင်းဖြစ်ရန်အတွက်လည်း နောက်လိုက်ကောင်းဖြစ်မှ ခေါင်းဆောင်ကောင်း ဖြစ်မည်ဆိုသည့်အတိုင်း တပ်မတော်အပေါ်တွင် သစ္စာရှိပြီး တာဝန်ကျေပွန်သည့် နောက်လိုက်ကောင်းတစ်ဦးဖြစ်အောင်လည်း တစ်ချိန်တည်း တစ်ပြိုင်တည်း ကြိုးစားသင်ယူ လုပ်ဆောင်ကြရန်လို**

### နောက်လိုက်ကောင်းဖြစ်မှ ခေါင်းဆောင်ကောင်းဖြစ်မည်

အောင်မြင်သည့် ခေါင်းဆောင်ကောင်းများ၏ နောက်တွင် အရည်အချင်းပြည့်ဝသည့် နောက်လိုက်ကောင်းများစွာရှိကြောင်း၊ စစ်မှုရေးရာများနှင့် ပတ်သက်၍ ခေါင်းဆောင်မှုပေးရာတွင် ပြတ်သားသည့် ခေါင်းဆောင်မှုမျိုးဖြစ်ရန်လိုကြောင်း၊ အောင်မြင်သည့် ခေါင်းဆောင်ကောင်းဖြစ်ရန်အတွက်လည်း နောက်လိုက်ကောင်းဖြစ်မှ ခေါင်းဆောင်ကောင်းဖြစ်မည်ဆိုသည့်အတိုင်း တပ်မတော်အပေါ်တွင် သစ္စာရှိပြီး တာဝန်ကျေပွန်သည့် နောက်လိုက်ကောင်းတစ်ဦး ဖြစ်အောင်လည်း တစ်ချိန်တည်း တစ်ပြိုင်တည်း ကြိုးစားသင်ယူ လုပ်ဆောင်ကြရန်လိုကြောင်း။

သစ္စာ ၄ ချက်ကို နေ့စဉ်ရွတ်ဆိုသူများဖြစ်သည့်အတွက် နိုင်ငံတော်နှင့် တပ်မတော်အတွက် တာဝန်ထမ်းဆောင်ရာတွင် သစ္စာ ၄ ချက်ကို စွဲမြဲမှတ်သားပြီး စာသားတစ်လုံးချင်းစီ၏ အဓိပ္ပာယ်အတိုင်း တိကျစွာ လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အတိတ်သမိုင်းကြောင်းတစ်လျှောက်မှ ယနေ့အထိ တိုင်းပြည်၏ အမျိုးသားနိုင်ငံရေးတာဝန်များကို ကျရာအခန်းကဏ္ဍအလိုက် စွန့်လွှတ်စွန့်စားစွာဖြင့် အမှုထမ်းခဲ့ကြသည့် တပ်မတော်သားများနှင့် ၎င်းတို့၏ မိသားစုဝင်များ၏ တာဝန်ကျေပွန်မှုနှင့် သစ္စာစောင့်သိမှုများကို မိမိတို့တပ်မတော်သားများ နေ့စဉ်ရွတ်ဆိုသည့် သစ္စာအဓိဋ္ဌာန် ၄ ချက်နှင့်အညီ ဆက်လက်စောင့်ထိန်း လိုက်နာသွားရန်လိုကြောင်း။

### ပေးအပ်သည့်အမိန့်နှင့်တာဝန်များ ကျေပွန်အောင်ထမ်းဆောင်

တပ်ကို ကွပ်ကဲတည်ဆောက်ရာတွင် တပ်တည်ဆောက်ရေးလုပ်ငန်းကြီး ၄ ရပ်ဖြစ်သည့် လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေး၊ စိတ်ဓာတ်တို့ဖြင့် တည်ဆောက်သွားရမည်ဖြစ်ကြောင်း၊ ထိရောက်သည့် လေ့ကျင့်ရေးက ကြံ့ခိုင်သန်စွမ်းမှုနှင့် ကျွမ်းကျင်မှုကိုရရှိစေပြီး ယုံကြည်မှုမြင့်မားကာ အောင်စိတ်ကို ရရှိစေသကဲ့သို့ ပေးအပ်သည့်အမိန့်နှင့်တာဝန်များကိုလည်း ကျေပွန်အောင်ထမ်းဆောင်နိုင်စွမ်းရှိစေမည်ဖြစ်ကြောင်း၊ ညီညွတ်မျှတမှန်ကန်သည့် အုပ်ချုပ်ရေးသည် စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာလုပ်ငန်းများကို အဆင်ပြေချောမွေ့စေရုံသာမက အမှုအခင်း လျော့နည်းရေးနှင့် တပ်တွင်းစည်းလုံးညီညွတ်ရေးတို့ကို ခိုင်မာစေမည်ဖြစ်ကြောင်း၊ ထို့အပြင် လူ့သဘောသဘာဝကို သိရှိပြီး စစ်သည်မိသားစုများ၏သက်သာချောင်ချိရေးကို ထိထိရောက်ရောက် ဆောင်ရွက်ပေးခြင်းသည် တပ်နေပျော်ပြီး စစ်တိုက်တော်လာစေမည်ဖြစ်ကြောင်း၊ ထိုသို့ လေ့ကျင့်ရေး၊ အုပ်ချုပ်ရေးနှင့် သက်သာချောင်ချိရေး လုပ်ငန်းများကို မှန်ကန်မျှတစွာ ဆောင်ရွက်ပေးခြင်းဖြင့် စစ်သည်များ၏ စိတ်ဓာတ်သည် ပိုမိုခိုင်မာအားကောင်းစေပြီး စစ်သည်တိုင်း တိုက်ပွဲဝင်လိုစိတ် အစဉ်အမြဲ ရှိနေမည်ပင်ဖြစ်ကြောင်း၊ တိုက်ပွဲဆိုသည်မှာ ရန်သူနှင့် မိမိတပ်များ၏ တိုက်ပွဲဝင်လိုစိတ်နှင့် အောင်ပွဲခံလိုစိတ်တို့ ယှဉ်ပြိုင်နေခြင်းပင်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် တုံးတိုက်တိုက်၊ ကျားကိုက်ကိုက်စိတ်ဓာတ်၊ လေ့ခွက်ချည်းကျန် အလံမလှဲသည့်စိတ်ဓာတ်၊ ရဲ(၃)ရဲ၊ မြဲ(၃)မြဲတို့သည် စစ်ကဏ္ဍကြီး (၄) ရပ်လုံး၏ အောင်မြင်မှုသော့ချက်များဖြစ်ကြောင်း။

စိတ်ဓာတ်ကောင်းသည့် ခေါင်းဆောင်သည်မည်သည့်စည်းကမ်းနှင့် အမိန့်ကိုမဆို လိုက်နာနိုင်သူများဖြစ်ကြောင်း၊ တစ်ဦးချင်းစိတ်ဓာတ်ကောင်းအောင်လေ့ကျင့်နိုင်ပါက အဖွဲ့လိုက်လည်းကောင်းလာမည်ဖြစ်ပြီး တိုက်စွမ်းရည်ကို ရရှိလာမည်ဖြစ်ကြောင်း၊ စိတ်ဓာတ်ကောင်းမွန်စေရန်အတွက် တပ်မတော်၏ သမားစဉ်လုပ်ငန်းများကို သတ်မှတ်ချိန်များအတိုင်း မိမိကစ၍ လက်အောက်ငယ်သားများပါ လိုက်ပါဆောင်ရွက်အောင် အမြဲကွပ်ကဲကြပ်မတ်နေရမည်ဖြစ်ကြောင်း၊ ထိုသို့ လေ့ကျင့်မှု၊ အုပ်ချုပ်မှု၊ သက်သာချောင်ချိမှုနှင့် စိတ်ဓာတ်ခိုင်မာ ကောင်းမွန်မှုများဖြင့် တပ်ကို တည်ဆောက်သွားရမည်ဖြစ်ကြောင်း။

### လူကောင်းလူတော်ဖြစ်ရန်ကြိုးပမ်း

တပ်တစ်တပ်၏ တိုက်စွမ်းရည်ထက်မြက်ရန်အတွက် စစ်သည်အဆင့်တန်းအားလုံး တစ်ဦးချင်း လေ့ကျင့်ရေးနှင့် အဖွဲ့လိုက်လေ့ကျင့်ရေးကိုပါ ပီပြင်အောင် ပြင်းပြင်းထန်ထန် လေ့ကျင့်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ စစ်သည်တစ်ဦးချင်း၏ ကိုယ်စီတာဝန်လေ့ကျင့်ရေး ကျွမ်းကျင်မှုမှသည် တပ်စိတ်၊ တပ်စု၊ တပ်ခွဲ နောက်ဆုံးတပ်မတော်ဆိုသည့်အဖွဲ့အစည်း၏ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ အောင်မြင်စွာထမ်းဆောင်နိုင်သည်အထိ စစ်ပညာရပ်များကို လေ့ကျင့်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ ကြီးလေးသည့် တာဝန်များကို ထမ်းဆောင်ရာတွင် မိမိကိုပေးအပ်သည့် တာဝန်နှင့်ပတ်သက်ပြီး အစဉ်အလာကောင်းများ ရေးထိုးနိုင်ရန်ကြိုးစားရမည်၊ ပေးအပ်သည့်တာဝန်များကို ထမ်းဆောင်ရာတွင်လည်း မိမိလုပ်ဆောင်မှုကို ပေါ်လွင်ထင်ရှားအောင် လုပ်ပြနိုင်ရန် လိုအပ်သကဲ့သို့ လုပ်ထားမှန်း သိအောင်လည်း လိမ္မာပါးနပ်စွာတင်ပြတတ်ရမည်၊ တာဝန်ထမ်းဆောင်ရာတွင်လည်း လူတော်လူကောင်းဖြစ်ရန်နှင့် လူကောင်းလူတော်ဖြစ်ရန်လည်း ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လူတော်ပြီး လူမကောင်းပါက ကာယကံရှင်နှင့် မိသားစုများပါ ပြဿနာမြောက်မြားစွာနှင့် ရှုပ်ထွေးမှုဖြစ်စေခြင်း၊ လူကောင်းပြီး လူမတော်ပြန်ရင်လည်း ပေးအပ်သည့် ရည်မှန်းချက်များ အောင်မြင်စွာ အဆုံးသတ်စေမည့် ကိုယ်ပိုင်အရည်အချင်းနှင့် အရည်အသွေးပါ အားနည်းသည့်အတွက် ဘက်စုံတိုးတက်မှုအကောင်အထည် မဖော်နိုင်ခြင်းတို့ကို ဖြစ်ပေါ်စေသည့်အတွက် လူလည်းတော်၊ စိတ်ဓာတ်လည်းကောင်းမွန်သည့် ခေါင်းဆောင်ငယ်များဖြစ်အောင် **"လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"** သွားကြရန် မှာကြားလိုကြောင်း။

### စည်းလုံးညီညွတ်ရန်လိုအပ်

နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုသည်မှာ နိုင်ငံတွင်းတွင် နေထိုင်ကြသည့် ပြည်သူများအားလုံး၏ တာဝန်ဖြစ်သကဲ့သို့ မိမိတို့တပ်မတော်သည်လည်း အဓိက တာဝန်အရှိဆုံးဖြစ်သည်ကို သိရှိထားရန်လိုကြောင်း၊ ထိုသို့ ကာကွယ်နိုင်ရန်အတွက် တပ်မတော်သားအားလုံးသည် စည်းလုံးညီညွတ်ရန်လိုအပ်ကြောင်း၊ မိမိတို့ တပ်မတော်သားတိုင်းသည် ပြဋ္ဌာန်းထားသည့် စစ်သည်တော်ကျင့်ဝတ် (၆၀) ပါးကို တိကျစွာလိုက်နာနိုင်မှသာ တပ်တွင်း၊ တပ်ပြင် စည်းရုံးရေး အောင်မြင်နိုင်မည်ဖြစ်ပြီး တိုက်စွမ်းရည်ကိုလည်း တိုးတက်မြင့်မားလာစေမည်ဖြစ်ကြောင်း၊ စည်းရုံးရေးဆိုသည်မှာ မိမိဆောင်ရွက်လိုသည့်လုပ်ငန်းကို လက်အောက်မှ ၎င်းတို့၏စိတ်ဆန္ဒအတိုင်း လိုက်ပါလုပ်ဆောင်စေခြင်းပင် ဖြစ်ကြောင်း၊ အရေးပေါ်မှထပြီး လုပ်ဆောင်ရသည့် လုပ်ငန်းမဟုတ်ဘဲ အချိန်နှင့်အမျှ လုပ်ဆောင်နေရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ခြင်းကြောင့် စဉ်ဆက်မပြတ် ပီပီပြင်ပြင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ယနေ့အချိန်တွင် ပြည်ပနိုင်ငံကြီးအချို့နှင့် ပြည်တွင်း၊ ပြည်ပအကြမ်းဖက်သမားများသည် Media ကို လက်နက်အဖြစ်အသုံးချပြီး တပ်မတော်သားများနှင့် မိသားစုဝင်များ၏ ကျောက်သားကျောက်စိုင်ပမာ မယိမ်းမယိုင် ကျစ်လျစ်ခိုင်မာစွာနှင့် တပ်မတော်အပေါ်ထားရှိသည့်စိတ်ဓာတ်၊ ယုံကြည်ချက်၊ ခံယူချက်များ ပျက်ပြားစေရန်နှင့် စွန့်လွှတ်စွန့်စားစွာဖြင့် ပြည်သူများ၏ရှေ့မှ တိုက်ပွဲဝင်နေသည့် အရာရှိ၊ စစ်သည်များ၏ တိုက်ပွဲဝင် စိတ်ဓာတ်၊ တစ်နည်းအားဖြင့် တိုက်စွမ်းရည်များ ကျဆင်းစေရန်အတွက် နည်းလမ်းမျိုးစုံသုံးပြီး တပ်တွင်း စည်းလုံးညီညွတ်မှုပြိုကွဲစေရေးနှင့် တပ်မတော် အင်အားချည့်နဲ့စေရေးတို့ကို ဦးတည်လုပ်ဆောင်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ထို့ကြောင့် တပ်တွင်းစည်းရုံးရေးကို ရေပက်မဝင် ကျစ်လျစ်ခိုင်မာစွာ ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်ဆိုသည့် ဆောင်ပုဒ်အတိုင်း တပ်ကိုတည်ဆောက်ရာတွင် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၏ အဓိကလိုအပ်ချက်ဖြစ်သည့် စားဝတ်နေရေးတို့ကိုလည်း စဉ်ဆက်မပြတ်ကြည့်ရှုပြီး စေတနာထား လုပ်ဆောင်ပေးသွားရမည်ဖြစ်ကြောင်း၊ မှန်ကန်သည့် ခေါင်းဆောင်မှု၊ ညီညွတ်မျှတသည့် *စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

အုပ်ချုပ်ရေးစနစ်ရှိမှသာ တပ်တွင်းစည်းလုံးညီညွတ်ရေးသည် ပိုမိုကျစ်လျစ် ခိုင်မြဲနေမည်ဖြစ်ကြောင်း။

ထို့အပြင် တပ်ပြင်စည်းရုံးရေး ဆောင်ရွက်ရာတွင်လည်း ပြည်သူလူထုအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ် (၁၀) ပါးကို စောင့်ထိန်းလိုက်နာပြီး တာဝန်ထမ်းဆောင်ရမည့် နယ်မြေဒေသအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ သဘာဝဘေးအန္တရာယ်များ ရင်ဆိုင်ရပါကလည်း အချိန်မဆိုင်းဘဲ ကူညီဆောင်ရွက်ပေးခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုပါ စေတနာထားဆောင်ရွက်ပေးခြင်းများကို ဆောင်ရွက်ပေးရန်လိုကြောင်း။

**တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် ဆောင်ရွက်**

ထိုသို့ ဆောင်ရွက်ရာတွင် ညီနောင်မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့စစ် တပ်ဖွဲ့ဝင်များအပါအဝင် လုံခြုံရေးနှင့် သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့များနှင့် ပေါင်းစပ်ပြီး ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ပေးခြင်းအားဖြင့် တပ်ပြင်စည်းရုံးရေး အားကောင်းအောင် လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ တပ်ပြင်စည်းရုံးရေးလုပ်ငန်းများကို ထိခိုက်စေမည့် မည်သည့် အပြုအမူ လုပ်ရပ်မျိုးကိုမဆို မိမိကိုယ်တိုင်နှင့် လက်အောက်ငယ်သားများကပါ လုံးဝမလုပ်မိစေရန် တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် အမြင်ကျယ်ကျယ် အလေးအနက်ထား ဆောင်ရွက်ရန်နှင့် ပြဿနာတစ်စုံတစ်ရာ ဖြစ်လာပါကလည်း အချိန်နှင့်တစ်ပြေးညီ စိစစ်ဆောင်ရွက်ပြီး စစ်ဘက်၊ နယ်ဘက်ဥပဒေအတိုင်း မှန်မှန်ကန်ကန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ပြဿနာကို ဖြေရှင်းဆောင်ရွက်ရာတွင်လည်း ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ကြရန်လိုကြောင်း။

မိမိတို့နိုင်ငံ၏ ပထဝီအနေအထားကိုကြည့်ပါက လူအင်အား၊ စီးပွားရေးအင်အား ကြီးမားသည့် နိုင်ငံကြီးနှစ်နိုင်ငံကြားတွင် တည်ရှိနေခြင်းကြောင့် နိုင်ငံတော်၏ ကာကွယ်ရေးမဟာဗျူဟာကို ပြည်သူ့စစ်မဟာဗျူဟာအဖြစ် ဖော်ဆောင်ကျင့်သုံးလျက်ရှိကြောင်း၊ ပြည်သူလူထု၏ ယုံကြည်လေးစားအားကိုးမှုကို ရရှိစေရန်အတွက် တပ်မတော်သည် စွမ်းရည်ထက်မြက်ပြီး အင်အားတောင့်တင်းနေရန် လိုအပ်ကြောင်း၊ ပြည်သူနှင့်တပ်မတော် တစ်သားတည်းဖြစ်မှသာ ပြည်သူ့စစ်မဟာဗျူဟာများကို အကောင်အထည်ဖော်နိုင်မည်ပင်ဖြစ်ကြောင်း။

တစ်ဖက်တွင်လည်း တပ်မတော်အနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပပြုလုပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၏ မဲမသမာမှုများ၊ ဖြတ်လမ်းနည်းနှင့် နိုင်ငံ့အာဏာကိုရယူရန်ကြိုးပမ်းမှုများကြောင့် နိုင်ငံ့တာဝန်များကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှ စတင်တာဝန်ယူ ထိန်းသိမ်းလျက် ယနေ့အချိန်တွင် ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ် ချမှတ်လျက် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များ အောင်မြင်စေရန်မှာ နိုင်ငံတော်အတွင်း လုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းခြင်းတို့သည် မရှိမဖြစ်အရေးကြီးသကဲ့သို့ လုံခြုံတည်ငြိမ်အေးချမ်းမှုလည်း နိုင်ငံရေးရည်မှန်းချက် (၂) ရပ်ဖြစ်သည့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး၊ အမျိုးသားရေးရည်မှန်းချက် (၂) ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေးတို့ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်သကဲ့သို့ အန္တိမ ရည်မှန်းချက်ဖြစ်သည့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းများ ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပြီး ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေးကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိုးရိုးစိုးဝင်း မဟာသရေစည်သူ စိုးဝင်း ထူးချွန်ဆုရ ဗိုလ်လောင်းများအားတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

နိုင်ငံ့တာဝန်ကို မလွှဲမရှောင်သာ စတင်တာဝန်ယူစဉ်က နိုင်ငံတော်အတွင်း နေရာအနှံ့ ဆန္ဒပြမှု၊ အကြမ်းဖက်မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့လုံခြုံရေးအဖွဲ့များဖြင့် လျင်မြန်စွာထိန်းသိမ်းဆောင်ရွက်နိုင်ခဲ့ပြီးနောက်ပိုင်း နယ်စပ်ဒေသများနှင့် လမ်းပန်းဆက်သွယ်မှုဝေးလံပြီး အုပ်ချုပ်မှုအလှမ်းဝေးကွာသည့်နေရာများ၌ လက်နက်ကိုင်ဆူပူအကြမ်းဖက်မှုများ ဖြစ်ပေါ်လာမှုကို ကျေးရွာ၊ ရပ်ကွက်အလိုက်၊ နယ်မြေဒေသအလိုက် ဒေသခံပြည်သူများဆန္ဒဖြင့် ပြည်သူ့စစ်အဖွဲ့များ ဖွဲ့စည်းလျက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ ယနေ့အချိန်ထိ ရှင်းလင်းဆောင်ရွက်နေဆဲဖြစ်ကြောင်း။

**ပြည်သူ့စစ်မှုထမ်းဥပဒေအတည်ပြု**

ထိုသို့ မိမိနယ်မြေဒေသအလိုက် ပြည်သူ့စစ်အဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ရာတွင် ဥပဒေနှင့်ညီညွတ်ပြီး စည်းစနစ်ပိုမိုကျနသည့် ယခင်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာ ၄ ရက်တွင် ဥပဒေအမှတ်၊ ၂၇/၂၀၁၀ ဖြင့် ပြဋ္ဌာန်းထားသည့် ပြည်သူ့စစ်မှုထမ်းဥပဒေကို မိမိနိုင်ငံ၏ အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်အတွက်လည်းကောင်း၊ ယနေ့မိမိနိုင်ငံ၏ ပထဝီနိုင်ငံရေးအနေအထားနှင့် ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံတွင် ဖြစ်ပျက်နေသည့် ပဋိပက္ခ မြောက်မြားစွာ၏ အနေအထားပေါ်မူတည်၍လည်းကောင်း ပြဋ္ဌာန်းပြီး ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်၌ အတည်ပြု အာဏာတည်စေခြင်းဖြစ်ကြောင်း။

အလားတူ နိုင်ငံတော်နှင့် တပ်မတော်အတွက် စွန့်လွှတ်စွန့်စားစွာဖြင့် တာဝန်ထမ်းဆောင်ရင်း အငြိမ်းစားယူခဲ့ပြီးဖြစ်သည့် စစ်မှုထမ်းဟောင်းများကလည်း အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါး ကာကွယ်စောင့်ရှောက်ရန်အလို့ငှာ အခြေအနေနှင့် အချိန်အခါအရ လိုအပ်လာပြီဖြစ်၍ ပြန်လည်အမှုထမ်းဆောင်ခွင့်ပြုရန် တောင်းဆိုမှုများ အများအပြား ရရှိမှုပေါ်မူတည်လျက် အရန်တပ်ဖွဲ့ဥပဒေကိုလည်း ဖေဖော်ဝါရီ ၁၃ ရက်တွင် အာဏာတည်စေခဲ့ကြောင်း။

အဆိုပါ ဥပဒေများသည် မိမိနိုင်ငံတစ်ခုတည်းတွင်သာ တီထွင်ဖန်တီး ထုတ်ပြန်ထားခြင်းမဟုတ်ဘဲ အိမ်နီးချင်းနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင်လည်း လိုအပ်ချက်အရ လိုအပ်သလို ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဥပဒေ၊ နည်းဥပဒေနှင့် တရားဝင်ထုတ်ပြန် ဆောင်ရွက်ခြင်းဖြစ်၍ ဥပဒေနှင့် နည်းဥပဒေပါ သတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့အတွက်တာဝန်ကျေသော နိုင်ငံ့သားကောင်းရတနာ၊ သမီးကောင်းရတနာများ ဖြစ်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူ့စစ်မှုထမ်းဥပဒေကိုလည်း ကျေညက်အောင်လေ့လာပြီး တာဝန်ကျရာ ဒေသအသီးသီးတွင်ရှိကြသည့် သတ်မှတ်ချက် အကျုံးဝင်သူပုဂ္ဂိုလ်များနှင့် ဆက်နွယ်ကြသည့် မိသားစုဆွေမျိုး အသိုင်းအဝိုင်းပါ သိရှိနားလည်သဘောပေါက်အောင် စည်းရုံးပြောဆို အသိပေးရန် လိုအပ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခြင်းသည်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ နိုင်ငံပိုင်မီဒီယာများ၊ ရုပ်သံလွှင့်နှင့် ရေဒီယိုအစီအစဉ်များ အပါအဝင် သတင်းစာများမှတစ်ဆင့် အသိပေးအကြောင်းကြားနေသော်လည်း ဥပဒေနှင့်နည်းဥပဒေပါ အချက်အလက်များကို အကြောင်းအမျိုးမျိုးကြောင့် မလေ့လာမိ၊ မသိရှိပါက အကြမ်းဖက်အဖွဲ့အစည်းအသီးသီးနှင့် လက်နက်ကိုင်အကြမ်းဖက်အဖွဲ့အစည်းအသီးသီးတို့၏ မမှန်မကန် လှုံ့ဆော်ဝါဒဖြန့်စည်းရုံးမှုအပေါ် ဥပဒေမဲ့လိုက်ပါလုပ်ဆောင်ခဲ့မိပါက မိမိကိုယ်ပိုင်ဘဝ၊ မိသားစုဘဝတို့သည်လည်း အကြောင်းမဲ့တောထဲ၊ တောင်ထဲတွင် စတေးခံကြရမည့်အဖြစ်ဆိုးမှလည်း ကယ်တင်နိုင်မည်ဖြစ်၍ အသိနှင့်ယှဉ်ပြီး ပြောဆိုစည်းရုံးကြရန် တိုက်တွန်းလိုကြောင်း၊ ထို့အပြင် ထုတ်ပြန်ထားသည့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် နည်းဥပဒေတို့အား မသိနားမလည်သူများအပေါ် ဥပဒေနှင့်မညီသော ခြိမ်းခြောက်အကျပ်ကိုင်မှုမှတစ်ဆင့် ငွေကြေးနှင့် အခြားအခွင့်အရေးများ ရယူအမြတ်ထုတ်လိုသည့် အောက်ခြေမသမာသူ အကျင့်ပျက်ဝန်ထမ်းအချို့နှင့် အဖွဲ့အစည်းအချို့ပါ ဥပဒေနှင့်အညီ ဖော်ထုတ်အရေးယူနိုင်ရေးကိုလည်း တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးကြရန် လိုကြောင်း။

မိမိနိုင်ငံသည် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်တွင် သူ့ကျွန်ဘဝကို ကျရောက်ခဲ့ပြီး အင်္ဂလိပ်ကိုလိုနီနယ်ချဲ့တို့ အုပ်ချုပ်ခဲ့သည့်အချိန်မှ စတင်ကာ တောင်တန်းနှင့် ပြည်မဒေသကို ဖွံ့ဖြိုးတိုးတက်မှုကွာခြားအောင် သွေးခွဲအုပ်ချုပ်ခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထိုသို့သွေးခွဲအုပ်ချုပ်ခဲ့မှုကြောင့် ဖြစ်ပေါ်လာသည့် မညီညွတ်မှုများသည် သမိုင်းအမွေဆိုးအဖြစ် ယနေ့ခေတ် မျိုးဆက်သစ်လူငယ်များအထိ ကျန်ရှိနေပြီး တိုင်းရင်းသားဒေသများတွင် လက်နက်ကိုင်သောင်းကျန်းမှုများ မချုပ်ငြိမ်းနိုင်ဘဲ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေခဲ့သဖြင့် အိမ်နီးချင်းနိုင်ငံများထက် နောက်ကျကျန်ခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

**ဆက်လက်ညှိနှိုင်းဆွေးနွေးလျက်ရှိ**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းမှုသည် မရှိမဖြစ်လိုအပ်မှုအပေါ် ဆောင်ရွက်သင့်သည်များ၊ ဆောင်ရွက်နေမှုများကို မှာကြားပြီးဖြစ်သကဲ့သို့ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ထာဝရငြိမ်းချမ်းရေး ရရှိရန်အတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီအသီးသီးတို့ကို ဖွဲ့စည်းပြီး တစ်ဖက်တစ်လမ်းက ကြိုးပမ်းဆောင်ရွက်နေမှုများကိုလည်း အသိပေးလိုကြောင်း၊ တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်ရာတွင် သဘောတူ လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနက်တွဲသည့်လက် မြဲခိုင်စေရန်၊ စိုသည့်လက် မခြောက်စေရန်၊ မူလကပင် သဘောထားအမြင်နှင့် စိတ်စေတနာပါ မှန်ကန်သည့် EAO များနှင့်လည်း ဆက်လက်ညှိနှိုင်း ဆွေးနွေးလျက်ရှိကြောင်း။

**ပူးပေါင်းပါဝင်ဆောင်ရွက်**

တပ်မတော်အနေဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် အမြဲတမ်းပွင့်လင်းမြင်သာစွာ ဆွေးနွေးနိုင်ရေး ဖိတ်ခေါ်လျက်ရှိပြီး လက်မှတ်ရေးထိုးရန် ကျန်သည့်အဖွဲ့များကိုလည်း NCA လမ်းကြောင်းအပါအဝင် လွှတ်တော်လမ်းကြောင်းမှတစ်ဆင့် မိမိတို့၏ လိုလားချက်များကို တရားဝင်တောင်းဆိုခွင့်ရရှိရေးကိုလည်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် အပြန်အလှန် ပွင့်လင်းမြင်သာစွာ ဆွေးနွေးလျက်ရှိကြောင်း၊ ထို့ကြောင့် ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းများတွင်လည်း မိမိတို့ကျရာအခန်းကဏ္ဍကနေ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ခေါင်းဆောင်မှု အင်္ဂါရပ် ၁၆ ရပ်ပါအတိုင်း လိုက်ပါလုပ်ဆောင်ပြီး လက်အောက်ငယ်သားများကို မှန်ကန်သည့် ခေါင်းဆောင်မှုပေး၍ နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်သည့် ရည်မှန်းချက်တာဝန်များကို အောင်မြင်ပြီးမြောက်အောင် ထမ်းဆောင်သွားကြရန်၊ တပ်မတော်၏ ကောင်းမြတ်သည့် အစဉ်အလာကောင်းများကို လက်ဆင့်ကမ်းပြီး သစ္စာ ၄ ချက်ကို အသက်နှင့်ထပ်တူ စောင့်ထိန်းသွားကြရန်၊ တပ်တွင်း၊ တပ်ပြင်စည်းရုံးရေးကို ပိုမိုကျစ်လျစ်ခိုင်မာပြီး ရေပက်မဝင်သည့် စည်းရုံးရေးကို တည်ဆောက်နိုင်ရေး စစ်သည်တော်ကျင့်ဝတ် (၆၀) ပါးနှင့်အညီ နေထိုင်လုပ်ဆောင်သွားကြရန်၊ **"အနာဂတ်၏ စစ်ခေါင်းဆောင်"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ အနာဂတ် တပ်မတော်နှင့် နိုင်ငံတော်အတွက် အားကိုးအားထားရသော ခေါင်းဆောင်များဖြစ်အောင် အစဉ်ကြိုးစား ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိရိပျံချီ မဟာသရေစည်သူ စိုးဝင်း သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

**ဂုဏ်ပြုအမှာစကားပြောကြား**

စစ်ရေးပြအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိရိပျံချီ မဟာသရေစည်သူ စိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့နှင့်အတူ ရိပ်သာခန်းမ၌ ထူးချွန်ဆုရ ဗိုလ်လောင်းများအားတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂၇) သီဟတပ်ခွဲ သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၃**

တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၂၇) သီဟတပ်ခွဲ သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ ညပိုင်းတွင် ဗထူးမြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) စစ်ရာထူးခန့်ထားရေးခန်းမဆောင်၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ဗထူးတပ်နယ်မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘများ၊ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး) မှ နည်းပြအရာရှိများနှင့် ဆရာ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ကျောင်းဆင်း အရာရှိများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်း အရာရှိများနှင့်အတူ ညစာကို အတူတကွ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကျောင်းဆင်းအရာရှိများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။



သုံးဆောင်ကြသည်။

ညစာ သုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး) စစ်တီးဝိုင်းအဖွဲ့၏ ဂုဏ်ပြုတီးမှုတ်မှုကို ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ကျောင်းဆင်းအရာရှိများနှင့်အတူ သဘင်ဆောင်၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့၏ ဂုဏ်ပြုဖျော်ဖြေ တင်ဆက်မှုများကို ကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များ သင်တန်းဆင်း အရာရှိများနှင့် အတူ ညစာကို အတူတကွ သုံးဆောင်ကြစဉ်။

## တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂၇) သီဟတပ်ခွဲ ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၃**

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၂၇) သီဟတပ်ခွဲ ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) စစ်ရာထူးခန့်ထားရေးခန်းမဆောင်၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်၊ ဒုတိယတပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ် အောင်မျိုးသန့်၊ ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် မျိုးဇော်ဝင်း၊ ကျောင်းဆင်း ဗိုလ်လောင်းများ၊ ၎င်းတို့၏မိဘဆွေမျိုးများနှင့် နည်းပြများ တက်ရောက်ကြသည်။

အခမ်းအနား အစီအစဉ်အရ စစ်ရာထူးခန့်ချုပ်၊ ဒုတိယတပ်မတော်လေ့ကျင့်ရေး အရာရှိချုပ်နှင့် ကျောင်းအုပ်ကြီးတို့က စင်မြင့်တွင်နေရာယူကြသည်။ ဆက်လက်ပြီး စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်က ကျောင်းဆင်းဗိုလ်လောင်းတစ်ဦးချင်းစီအား ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်ပြီး အမှာစကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)ကို ၁၉၄၆ ခုနှစ်တွင် ပြင်ဦးလွင်မြို့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁ မှ ၁၆)အထိ လည်းကောင်း၊ ၁၉၅၇ ခုနှစ်တွင် ပြင်ဦးလွင်မြို့မှ ဗထူးတပ်မြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်ပြီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၇ မှ ၂၈) အထိလည်းကောင်း၊ ၁၉၆၃ ခုနှစ်တွင် ဗထူးတပ်မြို့မှ မှော်ဘီမြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ကာ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၉ မှ ၈၂)အထိ လည်းကောင်း၊ ၁၉၉၁ ခုနှစ်တွင် မှော်ဘီမြို့မှ ဗထူးတပ်မြို့သို့ ပြန်လည်ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၈၃ မှ ယနေ့)အထိ ဗိုလ်လောင်းများအား လေ့ကျင့်သင်ကြားပေးလျက်ရှိကာ အရာရှိများစွာ မွေးထုတ်ပေးလျက်ရှိသည်။



တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး) မှ ကျောင်းဆင်းအရာရှိများအနက် အောင်ဆန်းသူရိယဘွဲ့ ရရှိသူ တစ်ဦး၊ သီဟသူရဘွဲ့ရရှိသူ ၁၀ ဦး၊ သူရဘွဲ့ရရှိသူ ၉၄ ဦး၊ သူရဲကောင်း မှတ်တမ်းဝင်တံဆိပ်ချီးမြှင့်ခံရသူ ၄၁၁ ဦး အထိရရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဗထူးတပ်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး၊ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များအား လိုက်လံကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၃

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့ မွန်းလွဲပိုင်းတွင် ဗထူးတပ်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား သွားရောက်ကြည့်ရှုအားပေးစကား ပြောကြားသည်။**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် တို့သည် အဖွဲ့ဝင်များလိုက်ပါ၍ ဗထူးတပ်မြို့ရှိ တပ်မတော်ဆေးရုံသို့ရောက်ရှိရာ ဆေးရုံတပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)အား ဆေးရုံတပ်မှူးက ဆေးရုံအစည်းအဝေးခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးမှုအခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဗထူးတပ်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသလျက်ရှိသူများအား ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက် ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား လိုက်လံကြည့်ရှုပြီး တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီး ဒေါ်သန်းသန်းနွယ်နှင့်အဖွဲ့ဝင်များသည် အမျိုးသမီးနှင့် ကလေးကုသဆောင်သို့ သွားရောက်၍ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများအား လိုက်လံကြည့်ရှု အားပေးစကား ပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီးတို့သည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး အဆိုပါဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေနှင့် ဆေးရုံအတွက် အလှူငွေများကို ပေးအပ်ရာ ဆေးရုံတပ်မှူးက လက်ခံရယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် အဖွဲ့ဝင်များသည် ဗထူးတပ်နယ်ရှိနယ်မြေခံတပ်ရင်း/တပ်ဖွဲ့များအား မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး မိသားစုများနှင့် တွေ့ဆုံ၍ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဗထူးတပ်နယ်ရှိ နယ်မြေခံတပ်ရင်း/ တပ်ဖွဲ့များမှ မိသားစုများအား စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)၏ ဇနီး ဒေါ်သန်းသန်းနွယ် အမျိုးသမီးနှင့် ကလေးကုသဆောင်၌ ဆေးကုသလျက်ရှိသည့်လူနာတစ်ဦးအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဗထူးတပ်နယ်ရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့နေ့လယ်ပိုင်းတွင် တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေးတပ်ရင်းသို့ သွားရောက်၍ တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေးတပ်ရင်းရှိ စံပြစိုက်ပျိုး မွေးမြူရေးဇုန်အတွင်း ရာသီသီးနှံနှင့် မြေအစားထိုးသီးနှံ စိုက်ပျိုးထားရှိမှုများ၊ ကျောက်စိမ်း တစ်သျှူးငှက်ပျော(သီးမွှေး)စိုက်ပျိုးထားရှိမှုများ၊ မြေစိုက်ရေခံ အဆောက်အဦနှင့် လေလုံအအေးပေး အဆောက်အဦအတွင်း ဥစားကြက်များ မွေးမြူထားရှိမှု၊ မေထုန်မဲ့နည်းပညာဖြင့် နို့စားနွား နှင့် အသားတိုးနွားများ မွေးမြူထားရှိမှု၊ DYL မျိုးမြင့်ဝက်များ မွေးမြူထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာတာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း စံပြစိုက်ပျိုးမွေးမြူရေးဇုန်အတွင်း စိုက်ပျိုးထားမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

### ကာကွယ်ဆေးများ ထုတ်လုပ်နေမှုကြည့်ရှု

ယင်းနောက် စိုက်ပျိုးမွေးမြူရေးဇုန်အတွင်း ခင်းကျင်းပြသထားသည့် ရွှေဖရုံ၊ ဘူး၊ တိုင်ထောင်ပဲ၊ ငရုတ်၊ ရုံးပတီ၊ မုန်ညင်း၊ ခရမ်း စသည့်များကို မျိုးကောင်းမျိုးသန့်များအဖြစ် အဆင့်ဆင့်မျိုးစေ့ထုတ်လုပ်ပြီး တပ်ရင်း၊ တပ်ဖွဲ့များနှင့် ပြင်ပသို့ သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဝေရောင်းချပေးနေမှုနှင့် တပ်ရင်းမှ ထွက်ရှိသော လား/မြင်းချေးနှင့် စံပြမွေးမြူရေးဇုန်မှ ထွက်ရှိသော ကြက်၊ ဝက်၊ နွားချေး ကုန်ကြမ်းပစ္စည်းများအား အာဟာရတန်ဖိုးမြင့် သဘာဝမြေဆွေးအဖြစ် အသုံးပြုနိုင်ရန် စမ်းသပ်ထုတ်လုပ်နေမှုများနှင့် တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ထုတ်လုပ်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့များသည် မွေးမြူရေးခြံများအတွင်း ဥစားကြက်များ မွေးမြူထားရှိမှုများကိုလည်းကောင်း၊ နွား မေထုန်မဲ့ သားစပ်ခြင်း ပြုလုပ်ရန်အတွက် သားစပ်ကိရိယာများ ခင်းကျင်းပြသထားရှိမှုကိုလည်းကောင်း၊ ဝက်မွေးမြူရေးခြံများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

အဆိုပါ စိုက်ပျိုးမွေးမြူရေးဇုန်အတွင်း ၎င်းတပ်အတွက် ပထမဦးဆုံး မေထုန်မဲ့သားစပ်ခြင်း နည်းပညာဖြင့် စမ်းသပ်ဝက်များ မွေးမြူထားရှိရာ အဆိုပါ မေထုန်မဲ့နည်းပညာဖြင့် သားစပ်ခြင်း ဆောင်ရွက်ရာတွင် ဝက်မကြီး တစ်ကောင်သည် ပျမ်းမျှအားဖြင့် ၁၂ ကောင်အထိ သားပေါက်နိုင်ကြောင်းနှင့် အဆိုပါခြံအတွင်း အသားတိုးဝက်များကိုလည်း မွေးမြူထားရှိကြောင်း သိရှိရသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဝက်မွေးမြူရေးခြံ၌ ဝက်များမွေးမြူထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ဝက်မွေးမြူရေးနှင့် ပတ်သက်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)က မှာကြားရာတွင် ဝက်မွေးမြူရေးတွင် သဘာဝအတိုင်း သားစပ်ခြင်းနှင့် မေထုန်မဲ့သားစပ်ခြင်းဟူ၍ နှစ်မျိုးရှိကြောင်း၊ သဘာဝနည်းဖြင့် သားစပ်ခြင်းသည် တစ်ကြိမ်လျှင် ဝက်မတစ်ကောင်သာ မျိုးစပ်နိုင်သော်လည်း မေထုန်မဲ့နည်းဖြင့် သားစပ်နည်းသည် ဝက်မ သုံးကောင်မှ ငါးကောင်အထိ ဆပွား သားစပ်နိုင်ကြောင်း၊ မေထုန်မဲ့ သားစပ်ခြင်းဖြင့် ရရှိလာသော ဝက်သားပေါက်ငယ်များသည် ပိုမိုကျန်းမာ၍ ကြီးထွားနှုန်း ပိုမိုကောင်းမွန်ကြောင်းကို တွေ့ရှိရသဖြင့် မေထုန်မဲ့သားစပ်ခြင်းဖြင့် ရရှိသော ဝက်သားပေါက်များကို သက်တမ်းအလိုက် ဆက်လက်စောင့်ကြည့် သုတေသနပြုလုပ်ရန်လိုကြောင်း၊ အသားအတွက် မွေးမြူထားသော အသားတိုးဝက်နှင့်ပတ်သက်၍ တပ်နယ်ရှိ တပ်ရင်း၊ တပ်ဖွဲ့များ၊ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများအတွက် အသားများ ပိုမိုဖြန့်ဝေနိုင်ရေး လက်ရှိမွေးမြူထားသော အသားတိုးဝက် ၂၅၆ ကောင်အပြင် ထပ်မံတိုးချဲ့မွေးမြူသွားရန် လိုကြောင်း မှာကြားသည်။

### လယ်မြေယာသစ်များဖော်ထုတ်၍ စိုက်ပျိုးထားမှုကြည့်ရှု

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး) ပေါင်းစည်းလယ်ယာ(ဗထူးစမ်း) သို့ သွားရောက်၍ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၏ အကူအညီဖြင့် ရေကျော်တမံအသေးတည်ဆောက်လျက် လယ်မြေသစ်များ ဖော်ထုတ်၍ ၎င်းလယ်မြေယာသစ်များတွင် နှမ်းစပါး၊ အာလူးနှင့် ပဲပုပ်များ စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး)မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က သိရှိလိုသည်များ မေးမြန်းပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ဘော်လီဘောပြိုင်ပွဲကျင်းပ

**ရန်ကုန် မေ ၃**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား (၁၄) ခရိုင် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများကို လိုက်လံနှုတ်ဆက်ကြပြီး ပထမနေ့ပြိုင်ပွဲဖြစ်သည့် အင်းစိန်ခရိုင်နှင့် ဒဂုံမြို့သစ်ခရိုင် အမျိုးသားယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြသည်။(ယာပုံ)

ယင်းပြိုင်ပွဲတွင် အမျိုးသား ၁၄ သင်း၊ အမျိုးသမီး ၁၀ သင်း၊ အားကစားသမား ၃၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို မေ ၉ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**





# မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့၏ (၁/၂၀၂၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် မေ ၃

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ အစည်းအဝေး(၁/၂၀၂၄)ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ် အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ၂၀၂၄ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း သီလဝါအထူးစီးပွားရေးဇုန်သို့ နှစ်ကြိမ် သွားရောက်၍ ရင်းနှီးတည်ဆောက်သူ၊ ရင်းနှီးမြှုပ်နှံသူများနှင့် One Stop Service Center မှ ဝန်ထမ်းများနှင့်တွေ့ဆုံခဲ့ကြောင်း၊ ယင်းသို့ တွေ့ဆုံရာတွင် သီလဝါအထူးစီးပွားရေးဇုန်၏လုပ်ငန်းမြှင့်တင်ရေးဇုန်အတွင်းရှိ လုပ်ငန်းများမှ ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးကိစ္စရပ်များကို လည်းကောင်း၊ ဌာနဆိုင်ရာအသီးသီးနှင့် ဆက်စပ်လုပ်ကိုင်ရမည့်လုပ်ငန်းများကို ဌာနအလိုက် ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုပေးနိုင်ရေး၊ သီလဝါအထူးစီးပွားရေးဇုန်၏ ဂုဏ်သတင်းကို ဆက်လက်ထိန်းထားရန်၊ စီမံခန့်ခွဲမှုကော်မတီက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ရင်းနှီးမြှုပ်နှံမှုအသစ်များ ထပ်မံဝင်ရောက်လာရေး ကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းမှာကြားခဲ့ကြောင်း။

အလားတူ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်တွင် ရန်ကုန်မြို့၌ ကျောက်ဖြူနှင့် ထားဝယ် အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီတို့မှ ဝန်ထမ်းများကိုလည်း တွေ့ဆုံခဲ့ကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်ရာတွင် သက်ဆိုင်ရာဇုန်အလိုက် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ဝန်ထမ်းများက လုပ်ငန်းများအောင်မြင်စေရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ စီမံကိန်းအလိုက် ဆောင်ရွက်ပြီးစီးမှုများ ပြန်လည်သုံးသပ်ရေးနှင့် လိုအပ်သလို ပြင်ဆင်ဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိသည့် ကုမ္ပဏီလုပ်ငန်းအချို့သည် ပြည်တွင်းအသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSME) မှ ထုတ်ကုန်ပစ္စည်းများကို ဝယ်ယူ၍ ကုန်ကြမ်းအဖြစ် ပိုမိုသုံးစွဲနေကြသည်ကိုတွေ့ရသဖြင့် မှတ်တမ်းတင်ပါကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နှစ်ဖက်သဘောတူစာချုပ်၏ နောက်ဆက်တွဲစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး မြန်မာဘက်နှင့် CITIC ဘက်မှ နှစ်ဖက်ကြိုတင်ဖြည့်ဆည်းရမည့်အချက်များကို သတ်မှတ်ချိန်အတွင်း ပြီးမြောက်ရေးအတွက် ဆက်လက်ညှိနှိုင်းဆောင်ရွက်ရန်ဖြစ်ပါကြောင်းနှင့် ထားဝယ်အထူးစီးပွားရေးဇုန်နှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်ရန်ကိစ္စရပ်များကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်ရန် ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက သီလဝါအထူးစီးပွားရေးဇုန်၏ လုပ်ငန်းမြှင့်တင်ရေးဇုန်ရှိ ကုမ္ပဏီများ နိုင်ငံခြားငွေနှင့် ပေးချေဆောင်ရွက်ရာတွင် လက်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုချက်ရရှိထားသည့် AD ဘဏ်များတွင် ဝယ်ယူပြီး လွှဲပြောင်းမှုအခြေအနေများနှင့် နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီအစည်းအဝေးသို့ အပတ်စဉ်အမှာစာတင်ပြမှု အခြေအနေများကိုလည်းကောင်း၊ သီလဝါဇုန်တွင် ဆောင်ရွက်လျက်ရှိသည့် ပို့ကုန်၊ သွင်းကုန် ကုန်သွယ်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ်က ယခင်ကျင်းပခဲ့သည့် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ (၄/၂၀၂၃) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့၊ သီလဝါအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်များမှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ အစည်းအဝေးသို့ တင်ပြသည့် အမှာစာများကို ဖတ်ကြားတင်ပြကြပြီး မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဝင်များက အထူးစီးပွားရေးဇုန်များအလိုက် လုပ်ငန်းဆောင်ရွက်နေမှု ကိစ္စရပ်များကို သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ အတွင်းရေးမှူးက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ အစည်းအဝေး (၁/၂၀၂၄) အစည်းအဝေးဆုံးဖြတ်ချက်မူကြမ်းကို ဖတ်ကြားတင်ပြအတည်ပြုချက် ရယူသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဝါစိုက်ပျိုးထုတ်လုပ်မှုမှ အထည်အလိပ်များထုတ်လုပ်သည်အထိ တန်ဖိုးမြှင့်ကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်မည့် အစီအမံဖော်ထုတ်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



နေပြည်တော် မေ ၃

ဝါစိုက်ပျိုးထုတ်လုပ်မှုမှ အထည်အလိပ်များထုတ်လုပ်သည်အထိ တန်ဖိုးမြှင့် ကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်မည့် အစီအမံဖော်ထုတ်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ Hybrid အစီအစဉ်ဖြင့် ကျင်းပသည်။

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ချည်မျှင်ထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ ဝါစိုက်ပျိုးသူများ၊ ဝါကြိတ်စက်လုပ်ငန်းရှင်များ၊ ဝါကုန်ကြမ်း တင်ပို့ရောင်းချခြင်းနှင့် ချည်ကုန်ချော တင်သွင်းသည့်လုပ်ငန်းရှင်များ၊ ချည်မျှင်နှင့်အထည်လုပ်ငန်းရှင်များ၊ အထည်ချုပ်လုပ်ငန်းရှင်များ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုအလုပ်ရုံဆွေးနွေးပွဲကို ဝါစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများမှတစ်ဆင့် တိုင်းပြည်စီးပွားရေး ကောင်းမွန်တိုးတက်လာစေရန်၊ မြန်မာနိုင်ငံနှင့်ကိုက်ညီသည့် ဝါကြိတ်စက်များကို ပြည်တွင်း၌ ထုတ်လုပ်နိုင်စေရန်၊ ဝါကုန်ကြမ်းများကို ချည်မျှင်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည့်စက်ကိရိယာများ ဖြည့်တင်းနိုင်စေရန်၊ ထွက်ရှိလာသည့်ဝါများ အဆင့်မြင့်ချည်ချောများ ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သော ရင်းနှီးမြှုပ်နှံမှုများ ရရှိစေရေးဆောင်ရွက်ပေးရန်၊ ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် လိုအပ်သည့်သွင်းအားစု၊ ငွေကြေး၊ နည်းပညာ၊ ဈေးကွက်၊ လူ့စွမ်းအားအရင်းအမြစ်၊ သုတေသနဖွံ့ဖြိုးရေးနှင့် ဆန်းသစ်တီထွင်မှုများ စသည့်ကဏ္ဍများအတွက် အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကို ဖော်ထုတ်၍ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မည့် အစီအမံ (Action Plan) တစ်ခု ရေးဆွဲအကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း။

ယခုဆွေးနွေးပွဲသို့ တက်ရောက်သည့် ပညာရှင်များ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၏ အတွေ့အကြုံများနှင့် လုပ်ငန်းရှင်များက တင်ပြဆွေးနွေးချက်များအပေါ်မူတည်ပြီး ဝါစိုက်ပျိုးထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် လုပ်ငန်းဆောင်ရွက်မည့် အစီအမံတစ်ခုကို အောင်မြင်စွာဖော်ထုတ်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ဝါထုတ်လုပ်မှုနှင့် အထည်အလိပ်ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ဖြစ်ပေါ်နေသော အခက်အခဲများနှင့် လိုအပ်ချက်များကိုဖော်ထုတ်ပြီး ရရှိလာသော လုပ်ငန်းဆောင်ရွက်မည့် အစီအမံအလိုက် ဆောင်ရွက်ရမည့်အချက်များကို နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ကိုခံယူပြီး စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ပညာရှင်များ၊ သက်ဆိုင်ရာ ဆက်စပ်ဝန်ကြီးဌာနများနှင့် အသင်းအဖွဲ့များအနေဖြင့်လည်း ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ဝါသီးနှံစိုက်ပျိုးမှု တိုးတက်ရေးဆောင်ရွက်နေမှု၊ အရည်အသွေးမြင့်ဝါများ ထွက်ရှိရေးအတွက် နည်းပညာများ ဖြန့်ဝေပေးနေမှု၊ ဝါစိုက်တောင်သူအစုအဖွဲ့ ဖွဲ့စည်းရေး၊ အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်သည့် ဝါမျိုးစေ့ရရှိရေး၊ စိုက်ပျိုးနည်းစနစ်များနှင့်ပတ်သက်၍ အသိပညာဖြန့်ဝေခြင်းလုပ်ငန်းများကို ပိုမိုဆောင်ရွက်ပေးရေး၊ ဝါဈေးကွက် တည်ငြိမ်ရေး၊ ချည်အရည်အသွေးကောင်းမွန်စေရန် မျိုးကောင်းမျိုးသန့် ဝါမျိုးစေ့များ လိုအပ်မှု၊ အပင်ရှင်သန်ကြီးထွားရေးအတွက် စိုက်နည်းစနစ်၊ ရေပေးဝေရေး၊ ဓာတ်မြေသြဇာများအား အချိန်ကိုက်ပေးနိုင်ရေး၊ ဝါခူးဆွတ်သည့်နည်းလမ်း၊ ဝါကြိတ်စက်များ၏ အရည်အသွေးကောင်းမွန်ရေး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတက်ရေးအတွက် သင်တန်းများဖွင့်လှစ်ရေး၊ ဆေးဆိုးပန်းရိုက်လုပ်ငန်းများဆောင်ရွက်နေမှု၊ ဝါစေ့ဆီထုတ်လုပ်သည့်လုပ်ငန်းများဆောင်ရွက်နေမှု၊ မူပိုင်ခွင့်ရရှိရေး၊ ချေးငွေရရှိရေးကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးတင်ပြကြပြီး ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ တက်ရောက်လာသူများက ဝါစိုက်ပျိုးထုတ်လုပ်မှုမှ အထည်အလိပ်များထုတ်လုပ်သည်အထိ တန်ဖိုးမြှင့်ကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်မည့်အစီအမံများ ရေးဆွဲနိုင်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးကြသည်။

ထို့နောက် ဆွေးနွေးပွဲမှ ရရှိလာသည့်ရလဒ်များအပေါ် တစ်ချက်ချင်းဆောင်ရွက်ရမည့် အစီအမံများကို သုံးသပ်ညှိနှိုင်းဆွေးနွေး၍ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေထုတ်ပြန်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၄ ခုနှစ်၊ မတ် ၂၉ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၂၂/၂၀၂၄ ဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအား အတည်ပြုထုတ်ပြန်ခဲ့သည်။ အဆိုပါ ဥပဒေသည် ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်မည် ဖြစ်သည်။

## ၂၀၂၄ – ၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏**

**ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၂၂ /၂၀၂၄)

၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

(၂၀၂၄ ခုနှစ်၊ မတ်လ ၂၉ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အပိုင်း ၁**

**အမည်နှင့် စတင်အကျိုးသက်ရောက်သည့် နေ့ရက်**

၁။ (က) ဤဥပဒေကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

**အပိုင်း ၂**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ**

**အခန်း(၁)**

**ရငွေများနှင့် သုံးငွေများ**

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသောရငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်။

၄။ (က) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပုဒ်မ ၁၁ အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့်အသုံးစရိတ်များနှင့် စပ်လျဉ်း၍လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ပုဒ်မ ၁၁ အရ ပိုမိုသုံးစွဲရန် ခွင့်ပြုသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြအတည်ပြုချက်ရယူရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်နှင့် ညှိနှိုင်းရရှိသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အရအသုံးခန့်မှန်းခြေငွေစာရင်းများအရ လိုအပ်သည့်ငွေကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ သင့်တင့်လျောက်ပတ်စွာ ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စအဖြစ် ထောက်ပံ့ခြင်း၊ လိုအပ်သည့် ချေးငွေများ ထုတ်ချေးခြင်းတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

**အခန်း(၂)**

**ငွေချေးယူခြင်း**

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်များအတွက်ဖြစ်စေ၊ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်များအတွက်ဖြစ်စေ၊ ပြည်ထောင်စုက တာဝန်ယူရသော ချေးငွေစာချုပ်များ သို့မဟုတ် အာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့်လည်းကောင်း၊ အခြားနည်းလမ်းများဖြင့်လည်းကောင်း ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် ငွေချေးယူနိုင်သည်။ ထိုသို့ချေးငွေရယူသည့်အခါ သင့်သည်ထင်မြင်သည့် အတိုးနှုန်းများ သတ်မှတ်နိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန် သို့မဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်။ သို့ရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေချေးယူခြင်းအတွက် အတိုးနှုန်းနှင့် လိုအပ်သော စည်းကမ်းချက်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ညှိနှိုင်းပြီးမှ သတ်မှတ်နိုင်သည်။

၇။ ပြည်ထောင်စုအစိုးရအဖွဲ့က ယခင်ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်ငွေများ ဖြည့်တင်းရန် အာမခံစာချုပ်များ ရောင်းချခြင်းဖြင့် ရယူခဲ့သည့် ချေးငွေများနှင့်စပ်လျဉ်း၍ အချိန်ကျရောက်သောအခါ ပေးဆပ်ခြင်းကို အာမခံစာချုပ်အသစ်များဖြင့် လဲလှယ်နိုင်သည်။

၈။ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်ငွေများ ဖြည့်တင်းရန် အစိုးရ ငွေချေးသက်သေခံလက်မှတ်များ ဝယ်ယူခြင်းနှင့် ရောင်းချခြင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တာဝန်ပေးအပ်နိုင်သည်။

၉။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ဌာန၊ အဖွဲ့အစည်းအတွက်သော်လည်းကောင်း ပြည်ပမှ ငွေချေးယူနိုင်သည်။ ပြည်ပမှရရှိသော ချေးငွေများကို နိုင်ငံတော်နှင့် အကျိုးတူဆောင်ရွက်နေသော လုပ်ငန်းများသို့ သင့်လျော်သော စည်းကမ်းချက်များသတ်မှတ်၍ ပြန်လည်ထုတ်ချေးခွင့်ပြုနိုင်သည်။

၁၀။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤအခန်းပါ ကိစ္စရပ်များအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား လုပ်ပိုင်ခွင့်အပ်နှင်းနိုင်သည်။

(ခ) ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေအခန်း (၁၀) နှင့်အညီ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဤအခန်းပါ ငွေချေးယူသော ကိစ္စများအတွက် နိုင်ငံတော်ကိုယ်စား အာမခံချက်ပေးနိုင်သည်။

၁၁။ ဇယား (၁)၊ (၃) နှင့် (၇) တို့တွင် ဖော်ပြလျာထားသော ရငွေများ အနက် ချေးငွေစာချုပ် ချုပ်ဆိုပြီးသည့် ပြည်ပချေးယူရငွေသည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ ပိုမိုရရှိသော ငွေများဖြင့် ဆက်နွယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား (၂)၊ (၄) နှင့် (၈) တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေများထက် ပိုမိုသုံးစွဲရန် လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲခြင်းဖြင့်ဖြစ်စေ၊ ပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှဖြစ်စေ ခွင့်ပြုနိုင်သည်။ ယင်းသို့ခွင့်ပြုခဲ့သည့် သုံးငွေများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ခွင့်ပြုခဲ့သည့်သုံးငွေများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

၁၂။ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွင်း ဤအခန်းအရ ငွေချေးစာချုပ်များချုပ်ဆိုပြီးနောက် အမှန်တကယ်ချေးယူရရှိသည့် ငွေစုစုပေါင်းသည် ကျပ်သန်းပေါင်းကိုးဆယ့်ခြောက်သိန်းထက် မပိုစေရ။ ယင်းတွင် ဘဏ္ဍာရေးနှစ်အတွင်း ပြည်ပချေးငွေ၌ အမှန်တကယ် ထုတ်ယူသုံးစွဲငွေနှင့် ပြည်တွင်းချေးငွေ၌ အသားတင်ဖြည့်ဆည်းငွေတို့ အကျုံးဝင်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# လူရည်ချွန်မောင်မယ်များတွေ့ဆုံပွဲနှင့် လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

## တွေ့ဆုံပွဲကို နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ခမ်းခမ်းနားနားကျင်းပရန် စီစဉ်ထားပြီး ပြပွဲများ၊ ပြခန်းများ၊ ဖျော်ဖြေရေး အစီအစဉ်များကိုပါ ထည့်သွင်းကျင်းပသွားမည်



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း လူရည်ချွန်မောင်မယ်များ တွေ့ဆုံပွဲနှင့် လူငယ်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးစဉ်။

**နေပြည်တော် မေ ၃** လူရည်ချွန်မောင်မယ်များတွေ့ဆုံပွဲနှင့် လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွှန့်ဖေ၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော် ဆွေးနွေးစဉ်။

နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် လူမွန်၊ ဗိုလ်ချုပ်ဖြိုးသန့်၊ ဦးရဲတင့်၊ ဒေါ်နုမြဇံ၊ ဦးမင်းသူ၊ ဒေါက်တာ မျိုးသန့်၊ ဦးဝင်းရှိန်၊ ဒေါက်တာ ဇော်မြင့်၊ ဒေါက်တာ မိုးဇော်ထွန်း၊ ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ခမ်းခမ်းနားနားကျင်းပ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိုင်ငံတော်အကြီးအကဲက မေ ၂၆ ရက်တွင် တစ်နိုင်ငံလုံးမှ လူရည်ချွန်များအား တွေ့ဆုံမည်ဖြစ်ပါကြောင်း၊ တွေ့ဆုံပွဲကို နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန (၂) ၌ ခမ်းခမ်းနားနားကျင်းပရန် စီစဉ်ထားပြီး ပြပွဲများ၊ ပြခန်းများ၊ ဖျော်ဖြေရေး အစီအစဉ်များကိုပါ ထည့်သွင်းကျင်းပသွားမည်ဖြစ်ပါကြောင်း။

**ထည့်သွင်းပြသစေလို**

လူငယ်ကဏ္ဍ မြှင့်တင်ရေးသည် အရေးကြီးသည့် လုပ်ငန်းစဉ်ဖြစ်သည့်အတွက် ပြန်ကြားရေးဝန်ကြီးဌာနက တစိုက်မတ်မတ် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပြီး လူငယ်ရေးရာဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့်လည်း လူငယ်ရေးရာ ကိစ္စရပ်များကို တက်တက်ကြွကြွဖြင့် ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိရာတွင် လူရည်ချွန် လူငယ်မောင်မယ်များ တွေ့ဆုံပွဲ၌ ထည့်သွင်းပြသမည့် ပြခန်းများကို လူငယ်များနှင့် ကိုက်ညီပြီး လူငယ်များ စိတ်ဝင်စားနိုင်သည့် ကဏ္ဍများကို ထည့်သွင်းပြသစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွှန့်ဖေက လူရည်ချွန် မောင်မယ်များအား ဗဟုသုတရရှိစေရန် ပြခန်းများ ပြသသွားမည် ဖြစ်ပါကြောင်း၊ ပြခန်းများအား လေ့လာကြည့်ရှုခြင်းဖြင့် အထင်ကရနေရာများကို တစ်နေရာတည်းတွင် အချိန်တိုဖြင့် လေ့လာနိုင်မည် ဖြစ်ပါကြောင်း၊ အနာဂတ်တွင် နိုင်ငံ၏ တာဝန်ကိုပခုံးပြောင်းထမ်းဆောင်ကြမည့် လူရည်ချွန် မောင်မယ်များ ဗဟုသုတများ ရရှိစေရေးအတွက် ပြခန်းများကို ဝန်ကြီးဌာနအသီးသီးက ပါဝင်ပြသစေလိုပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်း ဆွေးနွေးစဉ်။

**ဝိုင်းဝန်းကူညီဆောင်ရွက်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်က လူရည်ချွန်မောင်မယ်များအား ပြခန်းများပြသရာတွင် အသိပညာဗဟုသုတဖြစ်ဖွယ် ရှုထောင့်၊ နည်းပညာပိုင်းဆိုင်ရာ ရှုထောင့်စသည့်အချက်များကို ထည့်သွင်းစဉ်းစား၍ ပြသရမည်ဖြစ်ပါကြောင်း၊ လူရည်ချွန် မောင်မယ်များ လေ့လာကြည့်ရှုချိန်ရအောင် စီစဉ်ပေးရမည်ဖြစ်ပြီး ဝန်ကြီးဌာနအနေဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက ငယ်စဉ်က လူရည်ချွန်ဖြစ်ခဲ့သော ကျန်းမာရေး ဝန်ကြီးဌာနတွင် တာဝန် ထမ်းဆောင်နေသော ဆရာကြီး၊ ဆရာမကြီးများ၏ ငယ်ဘဝမှတ်တမ်းများကိုလည်း လေ့လာကြည့်ရှုခြင်းဖြင့် လက်ရှိ လူရည်ချွန်များက အားကျအတုယူလိုစိတ် ဖြစ်ပေါ်လာအောင်၊ ကြိုးစားလိုစိတ်များ ပေါ်ပေါက်လာအောင် ရည်ရွယ်ချက်ဖြင့် ထည့်သွင်းပြသသွားမည် ဖြစ်ပါကြောင်း၊ ပညာရပ်ဆိုင်ရာ ဗဟုသုတရရှိရန် ပြခန်းများလည်း စီစဉ်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက လူရည်ချွန် တစ်ယောက်ဖြစ်ရန် မလွယ်ကူပါကြောင်း၊ ဝန်ကြီးဌာနများတွင် ငယ်စဉ်က လူရည်ချွန်ရရှိခဲ့သည့် ဝန်ထမ်းများကိုပါ ထည့်သွင်း ဖော်ပြသင့်သည်ဟု အကြံပြုလိုပါကြောင်း၊ လက်ရှိအစိုးရအနေဖြင့် လူရည်ချွန်များကို တန်ဖိုးထားသည်ကို လူငယ်များနှင့် ပြည်သူများ သိရှိအောင် ပြသစေလိုသည့် ရည်ရွယ်ချက်လည်းဖြစ်ပါကြောင်း၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကို လူရည်ချွန်မောင်မယ်များ သိရှိစေရေးအတွက် ပြခန်းထည့်သွင်းပြသသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**ပြသနိုင်ရေးစီစဉ်ဆောင်ရွက်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းက လူငယ်များ အထွေထွေဗဟုသုတ ရရှိစေရန် ဉာဏ်စမ်းပဟေဠိ အစီအစဉ်များကိုလည်း ထည့်သွင်းပြသသွားမည် ဖြစ်ပါကြောင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာဗဟုသုတများ ရရှိအောင်၊ ငြိမ်းချမ်းရေး၏ အနှစ်သာရကို သဘောပေါက်နားလည်အောင် စသဖြင့် ပြသနိုင်ရေး စီစဉ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဗိုလ်မှူးချုပ် လူမွန်၊ ဗိုလ်ချုပ်ဖြိုးသန့်၊ ဦးရဲတင့်၊ ဒေါ်နုမြဇံ၊ ဦးမင်းသူ၊ ဒေါက်တာ မျိုးသန့်၊ ဦးဝင်းရှိန်၊ ဒေါက်တာ ဇော်မြင့်၊ ဒေါက်တာ မိုးဇော်ထွန်း၊ ဦးဇော်အေးမောင်တို့က နိုင်ငံတော်၏ သမိုင်းဖြစ်စဉ်များ၊ မော်ကွန်းမှတ်တမ်းများ၊ လွတ်လပ်ရေးကြေညာစာတမ်းနှင့် လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းဆိုင်ရာ မှတ်တမ်းဓာတ်ပုံများ၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်မှု မှတ်တမ်းများ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးဖော်ဆောင်မှု ပြကွက်များ၊ မြန်မာလူမျိုးတို့၏ စာပေ၊ ယဉ်ကျေးမှုဆိုင်ရာ ပြကွက်များနှင့် ဝန်ကြီးဌာနများတွင် တာဝန်ထမ်းဆောင်နေသည့် အရာထမ်းများမှ ငယ်စဉ်က လူရည်ချွန်ဖြစ်ခဲ့သူများအား စုစည်းပြီး ငယ်ဘဝမှတ်တမ်းများ ပြသနိုင်ရေး၊ မဟာသင်္ကြန်ကာလအပြီးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ လူငယ် သင်တန်းကျောင်းများ ဖွင့်လှစ်ရာတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှု၊ လူရည်ချွန်တွေ့ဆုံပွဲတွင် ဖိုရမ်ကျင်းပနိုင်ရေး၊ လူရည်ချွန် မောင်မယ်များ တွေ့ဆုံပွဲ ဖျော်ဖြေရေးကဏ္ဍတွင် တေးသရုပ်ဖော်နှင့် တေးသီချင်းများ ဆောင်ရွက်ထားရှိမှု၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုများ၊ သစ်တောသစ်ပင်များ ထိန်းသိမ်းစောင့်ရှောက်ရမည့် အသိပညာရရှိရေးဆိုင်ရာများ ထည့်သွင်းပြသနိုင်ရေး ဆွေးနွေးကြသည်။

**အမှာစကားပြောကြား**

ထို့နောက် တက်ရောက်လာသူများက လူရည်ချွန်မောင်မယ်များ တွေ့ဆုံပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် လူငယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိဂုံးချုပ်အမှာစကားပြောကြားသည်။

**သတင်းစဉ်**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် မေ ၃** – မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သိကောင်းစရာများ

## ကင်းလွတ်ခွင့်

ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ – ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည် –

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

## လျှော့ပေါ့ခွင့်

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲ ဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါက လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါက လည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ရွှေ့ဆိုင်းခွင့်

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်–

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

## နေ့အပူချိန်များ အနည်းငယ် တိုးနေမည်

**နေပြည်တော် ဧပြီ ၃**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးနေမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

## နိုင်ငံတကာသတင်း

### ကမ္ဘာလုံးဆိုင်ရာ သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုတွင် အင်ဒိုနီးရှားနိုင်ငံက နံပါတ်နှစ်ဖြစ်

**ဂျကာတာ ဧပြီ ၃**

အင်ဒိုနီးရှားနိုင်ငံသည် လက်ရှိကမ္ဘာပေါ်တွင် သဘာဝဘေးအန္တရာယ် ဖြစ်ပွားမှုစာရင်းတွင် နံပါတ်နှစ်ဖြစ်သည်ဟု အင်ဒိုနီးရှားနိုင်ငံသဘာဝဘေးအန္တရာယ်လျှော့ပါးရေး စီမံခန့်ခွဲမှုဆိုင်ရာ အေဂျင်စီက ဧပြီ ၃ ရက်တွင် ပြောသည်။




၂၀၂၃ ခုနှစ် တစ်ကမ္ဘာလုံးဆိုင်ရာ ဘေးအန္တရာယ်အစီရင်ခံစာတွင် နိုင်ငံပေါင်း ၁၉၃ နိုင်ငံအနက် အင်ဒိုနီးရှားနိုင်ငံမှာ နံပါတ်နှစ်ဖြစ်ကြောင်း သဘာဝဘေးအန္တရာယ်လျှော့ပါးရေး စီမံခန့်ခွဲမှုဆိုင်ရာ အေဂျင်စီမှ အရာရှိဖြစ်သူ ပရာစင်တာဒီဝီက ၂၀၂၄ ခုနှစ် သဘာဝဘေးကြိုတင်ကာကွယ်ရေးနေ့အခမ်းအနားတွင် ပြောသည်။ ကမ္ဘာလုံးဆိုင်ရာ ဘေးအန္တရာယ်အညွှန်းကိန်းတွင် အင်ဒိုနီးရှားနိုင်ငံမှာ ၄၃ ဒသမ ၅ ဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံမှာ ၄၆ ဒသမ ၈၆ ဖြစ်သည်ဟု ၎င်းက ဆက်ပြောသည်။

အင်ဒိုနီးရှားနိုင်ငံ သည် အပူပိုင်းဒေသတွင်ရှိပြီး သမုဒ္ဒရာနှစ်စင်းနှင့် တိုက်ကြီးနှစ်တိုက်ဆုံစည်းသည့်နေရာတွင် ရှိသည့်အတွက် ရေကြီးခြင်း၊ မြေပြိုခြင်း၊ ငလျင်လှုပ်ခြင်း၊ ပြင်းထန်သည့် သဘာဝဘေးများနှင့် ကြုံတွေ့ရကြောင်း ၎င်းက ဆက်ပြောသည်။ ဧပြီ ၂၆ ရက်တွင် ကျင်းပမည့် သဘာဝဘေးကြိုတင်ကာကွယ်ရေးလှုပ်ရှားမှုနေ့တွင် နိုင်ငံသားအားလုံး ပါဝင်ကြရန်လည်း ၎င်းက တိုက်တွန်းခဲ့သည်။

**ဆင်ဟွာ**



### ဂါဇာတွင် ထောက်ပံ့ကူညီရေးလုပ်သား သေဆုံးမှုနှင့် ပတ်သက်ပြီး အစ္စရေးကို ဘိုင်ဒင် ပြစ်တင်ဝေဖန်

**ဝါရှင်တန် ဧပြီ ၃**

နိုင်ငံတကာအကျိုးအမြတ်မယူသော အဖွဲ့အစည်းမှ အဖွဲ့ဝင် ခုနစ်ဦး သေဆုံးမှုနှင့်ပတ်သက်ပြီး အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က အစ္စရေးကို ပြင်းပြင်းထန်ထန်ဝေဖန်လိုက်ကြောင်း နိုင်ငံတကာသတင်းရင်းမြစ်များတွင် ဖော်ပြထားသည်။

ထို့ပြင် ဂါဇာကမ်းမြောင်တွင် အကူအညီပေးရေးလုပ်သားများနှင့် အရပ်သားများအား အကာအကွယ်ပေးရန် လုံလောက်စွာ မလုပ်ဆောင်နိုင်သေးကြောင်း ၎င်းက ဆက်ပြောသည်။ အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုအတွင်း ၎င်းတို့၏အဖွဲ့ဝင် ခုနစ်ဦး သေဆုံးခဲ့ကြောင်း အကျိုးအမြတ်မယူသောအဖွဲ့အစည်းဖြစ်သည့် The World Central Kitchen က ဧပြီ ၂ ရက်တွင် ပြောသည်။

အဆိုပါ အဖွဲ့အစည်းသည် ဂါဇာကမ်းမြောင်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စားနပ်ရိက္ခာအကူအညီပေးမှုတွင် ပါဝင်ဆောင်ရွက်နေသည့်အဖွဲ့အစည်းဖြစ်သည်။ သမ္မတဘိုင်ဒင်သည် ထောက်ပံ့ကူညီပေးရေးလုပ်သားများနှင့် အရပ်သားများကို လုံလောက်သော အကာအကွယ်ပေးမှုမရှိသည့်အတွက် အစ္စရေးကို ဝေဖန်ခဲ့သည့်အပြင် အမေရိကန်အနေဖြင့် ဂါဇာသို့ ထောက်ပံ့ကူညီမှုများ ပိုမိုရရှိရန် အစ္စရေးကို ဆက်လက်ဖိအားပေးသွားမည်ဖြစ်ကြောင်းနှင့် အမြန်ဆုံးအပစ်အခတ်ရပ်စဲရေးအတွက်လည်း ပြင်းပြင်းထန်ထန် တွန်းအားပေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း အလေးပေး ပြောသည်။

သမ္မတဘိုင်ဒင်သည် အရပ်သားများအား အကာအကွယ်ပေးရန် အစ္စရေးကို အကြိမ်ကြိမ်တိုက်တွန်းပြောကြားထားသော်လည်း လူသားချင်း စာနာမှုဆိုင်ရာလုပ်သားများ သေဆုံးမှုဆက်တိုက်ဖြစ်ပေါ်နေသည့်အတွက် ၎င်း၏ ဝေဖန်သံများမှာလည်း ယခင်ကထက် ပိုမိုပြင်းထန်လာခဲ့သည်။

**အင်န်အိတ်ချ်ကေ**

### ဇင်ဘာဘွေနိုင်ငံ၌ မိုးခေါင်မှုကြောင့် သဘာဝဘေးအန္တရာယ်အဖြစ် ကြေညာ

**ဟာရာရီ ဧပြီ ၃**

ဇင်ဘာဘွေနိုင်ငံတွင် အယ်နီညိုဖြစ်စဉ်ကြောင့် မိုးခေါင်မှုဖြစ်ပွားကာ နိုင်ငံအတွင်း စားနပ်ရိက္ခာဖူလုံမှုအတွက် ခြိမ်းခြောက်မှုဖြစ်ပေါ်လာသောကြောင့် သဘာဝဘေးအန္တရာယ်အဖြစ် သမ္မတ အီမာဆွန်မနန်ဂါဂွာက ဧပြီ ၃ ရက်တွင် ကြေညာခဲ့သည်။

အယ်နီညိုဖြစ်စဉ်ကြောင့် မိုးခေါင်ရေရှားမှုဖြစ်ပေါ်ကာ လက်ရှိစိုက်ပျိုးရာသီဖြစ်သည့် ၂၀၂၃–၂၀၂၄ ခုနှစ်တွင် မျှော်မှန်းထားသည့်အတိုင်း အကောင်အထည်မဖော်နိုင်ခဲ့ချေ။ ရလဒ်အနေဖြင့် နိုင်ငံအတွင်း ၈၀ ရာခိုင်နှုန်းမှာ သာမန်ထက်နည်းသည့် မိုးရွာသွန်းမှုကိုသာ တွေ့ကြုံခဲ့ရသည်ဟု ဇင်ဘာဘွေသမ္မတကမိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယခုကြေညာချက်ကြောင့် ဇင်ဘာဘွေနိုင်ငံသားအားလုံး နိုင်ငံတကာအသိုင်းအဝိုင်း၊ ကုလသမဂ္ဂ အေဂျင်စီနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် နိုင်ငံ ဘေးသက်သာရာရစေရန် လှူဒါန်းနိုင်ရေး ပြောကြားခဲ့သည်။ ကနဦးအကဲဖြတ်မှုများအရ ဇင်ဘာဘွေနိုင်ငံတွင် အမျိုးမျိုးသော တုံ့ပြန်ဆောင်ရွက်မှုများအတွက် အမေရိကန်ဒေါ်လာ ၂ ဘီလီယံကျော် လိုအပ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

ဇင်ဘာဘွေနိုင်ငံသည် ပြောင်းသီးနှံနှင့် အခြားစိုက်ပျိုးသီးနှံများ စိုက်ပျိုးရန် ၁၇၂၈၈၉၇ ဟက်တာကို အသုံးပြုနိုင်ကြောင်း သမ္မတက ပြောသည်။ ဇင်ဘာဘွေနိုင်ငံသည် လူနှင့်ကျွဲနွားများ နှစ်စဉ်စားသုံးရန် နှံစားသီးနှံ ၂ ဒသမ ၂ သန်းတန် လိုအပ်သည်။ မိုးခေါင်မှုကြောင့် တိုင်းပြည်၏ နှံစားသီးနှံ စိုက်ပျိုးမှုမှာ တန်ချိန် ၈၀၀၀၀၀ ဝန်းကျင်သာရှိကြောင်း ခန့်မှန်းထားသည်။

**ဆင်ဟွာ**

### ဂါဇာတွင် ပါလက်စတိုင်း သေဆုံးသူ ၃၃၀၀၀ နီးပါး ရှိလာ

**ဂါဇာ ဧပြီ ၃**

ဂါဇာကမ်းမြောင်တွင် အစ္စရေး၏ ဆက်လက် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ပါလက်စတိုင်း သေဆုံးသူအရေအတွက်မှာ ၃၂၉၇၅ ဦးအထိ ရှိလာကြောင်း သိရသည်။ ဧပြီ ၂ ရက်က အစ္စရေး၏ တိုက်ခိုက်မှုများကြောင့် ပါလက်စတိုင်း ၅၉ ဦး သေဆုံးပြီး အခြား ၈၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည့်အတွက် ပါလက်စတိုင်း သေဆုံးသူ ၃၂၉၇၅ ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၇၅၅၇၇ ဦးအထိ မြင့်တက်လာသည်။

**ဆင်ဟွာ**

## တေးသီချင်းဗီဒီယိုများ ရိုက်ကူးထုတ်လွှင့်ပြသမှုများနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရန် အသိပေးကြေညာခြင်း

တေးသီချင်းဗီဒီယိုများကို နည်းလမ်းမျိုးစုံဖြင့် ရိုက်ကူးထုတ်လွှင့်ပြသခြင်းများ ဆောင်ရွက်ခြင်းမပြုမီ ရုပ်ရှင်ဥပဒေ၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေတို့အရ ရုပ်ရှင်ဆင်ဆာနှင့် ဗီဒီယိုဆင်ဆာအဖွဲ့တို့သို့ တင်ပြပြီး စစ်ဆေးခွင့်ပြုချက် ရယူဆောင်ရွက်သွားရမည် ဖြစ်ကြောင်းကို ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် အသိပေးကြေညာခဲ့ပြီး ဖြစ်ပါသည်။

ယခုအခါ တေးသီချင်းဗီဒီယိုများကို ထုတ်လုပ်သူများက ၎င်းတို့၏ တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ဆောင်ရွက်လိုကြောင်း တင်ပြမှုများ ရှိသည့်အတွက် အောက်ပါဆင်ဆာမူဝါဒများအား ထိခိုက်စေနိုင်ခြင်း မရှိစေရေး မိမိတို့ကိုယ်တိုင် တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် စိစစ်ပြီး ရိုက်ကူးထုတ်လွှင့်ပြသမှုများ ဆောင်ရွက်နိုင်ကြောင်းနှင့် တင်ပြခွင့်ပြုချက်ရယူပြီး ဆောင်ရွက်လိုပါကလည်း အမြန်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) နိုင်ငံရေး၊
(ခ) ဘာသာရေး၊
(ဂ) တိုင်းရင်းသားချစ်ကြည်ရေး၊
(ဃ) အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းရေး၊
(င) ရက်စက်ကြမ်းကြုတ်မှုများ ပါဝင်မှုမရှိစေရေး၊
(စ) ကာမရာဂလှုံ့ဆော်မှုများ ပါဝင်မှုမရှိစေရေး။

သို့ဖြစ်ပါ၍ တေးသီချင်းဗီဒီယိုများကို နည်းလမ်းမျိုးစုံအသုံးပြု၍ ရိုက်ကူးထုတ်လွှင့်ပြသသူများအနေဖြင့် အထက်ပါ ဆင်ဆာမူဝါဒများကို လိုက်နာခြင်းမရှိဘဲ ရိုက်ကူးထုတ်လွှင့်ပြသမှုများ ဆောင်ရွက်ပါက ရိုက်ကူးသူ ဒါရိုက်တာအပါအဝင် ပါဝင်သရုပ်ဆောင်သူများ၊ ထုတ်လွှင့်ပြသသူများ အားလုံးကို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## ကားဗက်လီဝင်၏ နောက်ကျသွင်းဂိုးကြောင့် နယူးကာဆယ်ကို သရေကျခဲ့သည့် အဲဗာတန်

ပရီမီယာလိဂ်ပွဲစဉ် (၃၁) မှ မေ ၃ ရက် နံနက် ၁ နာရီက ယှဉ်ပြိုင်ကစားခဲ့သည့် နယူးကာဆယ်နှင့် အဲဗာတန်အသင်း ပွဲစဉ်တွင် ကားဗက်လီဝင်၏ နောက်ကျပယ်နယ်တီသွင်းဂိုးကြောင့် တစ်ဖက် တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။

အဆိုပါပွဲစဉ်ကို နယူးကာဆယ်အသင်း အိမ်ကွင်းဖြစ်သည့် စိန့်ဂျိမ်းစ်ပတ်ခ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ပြီး ပရိသတ် ၅၂၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။ နယူးကာဆယ်အသင်းသည် ပွဲချိန် ၁၅ မိနစ်တွင်ရရှိခဲ့သော အီဆတ်၏ သွင်းဂိုးဖြင့် နိုင်ပွဲရရှိရန် နီးစပ်ခဲ့သော်လည်း ပွဲချိန်ပြည့်ခါနီးတွင် ကားဗက်လီဝင်၏ ပယ်နယ်တီသွင်းဂိုးကြောင့် သရေရလဒ်ဖြင့် ကျေနပ်ခဲ့ရခြင်း ဖြစ်သည်။

မေ ၃ ရက် နံနက်ပိုင်းတွင် ပရီမီယာလိဂ်ပွဲစဉ် (၃၁) မှ နော်တင်ဟမ်ဖောရက်စ်နှင့် ဖူလ်ဟမ်၊ ဘုန်းမောက်နှင့် ခရစ္စတယ်ပဲလေ့စ်၊ ဘန်လေနှင့် ဝုဖ်၊ ဝက်စ်ဟမ်းနှင့် စပါးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည်။ နော်တင်ဟမ်ဖောရက်စ်နှင့် ဖူလ်ဟမ်အသင်းပွဲစဉ်တွင် နော်တင်ဟမ်က သုံးဂိုး - တစ်ဂိုး၊ ဘုန်းမောက်နှင့် ပဲလေ့စ်အသင်းပွဲစဉ်တွင် ဘုန်းမောက်က တစ်ဂိုး - ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့ပြီး ဘန်လေနှင့် ဝုဖ်အသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့ကာ ဝက်စ်ဟမ်းနှင့် စပါးအသင်းပွဲစဉ်တွင်လည်း တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။ အောင်ဇော်

## နေပြည်တော် တပ်ကုန်းမြို့နယ် အေးချမ်းသာစံပြကျေးရွာမှ အသက် ၁၅ နှစ်အရွယ် လူငယ်တစ်ဦးကို စစ်မှုထမ်းရန်အတွက် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မေ ၃**

နေပြည်တော် တပ်ကုန်းမြို့နယ် အေးချမ်းသာစံပြကျေးရွာမှ အသက် ၁၅ နှစ်အရွယ် မောင်ဖိုးချစ်ကို စစ်မှုထမ်းရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့ နံနက်ပိုင်းတွင် လာရောက်ဖမ်းဆီးသွားကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာ Khit Thit က မဟုတ်မမှန် ရေးသား ဖြန့်ဝေနေသည်ကို တွေ့ရသည်။




အဆိုပါ သတင်းနှင့်ပတ်သက်၍ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ မှန်ကန်မှုမရှိကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေ၏ အခန်း(၁)၊ ပုဒ်မ ၂(ခ)တွင်လည်း စစ်မှုထမ်းရမည့် အသက်အရွယ်ရောက်သူဆိုသည်မှာ အမျိုးသားဖြစ်လျှင် အသက် ၁၈ နှစ်ပြည့်ပြီး၍ အသက် ၃၅ နှစ် မပြည့်သေးသော နိုင်ငံသားတိုင်းကိုလည်းကောင်းဟူ၍ ပြဋ္ဌာန်းထားသည့်အတွက် တပ်ကုန်းမြို့နယ် အေးချမ်းသာစံပြကျေးရွာမှ အသက် ၁၅ နှစ်အရွယ် မောင်ဖိုးချစ် ကို စစ်မှုထမ်းဆောင်ရန်ဖမ်းဆီးသည်ဟု ဖော်ပြနေခြင်းမှာ ကောလာဟလ သတင်းမှားသာဖြစ်ကြောင်း သိရသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေကို အာဏာတည်သည့်နေ့မှစပြီး တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် ရပ်ရွာအေးချမ်းသာယာရေးကို မလိုလားသူများက ကောလာဟလ သတင်းအမှားများဖြင့် ပြည်သူများ ထင်ယောင်ထင်မှားဖြစ်စေရန်အတွက် ဝါဒဖြန့် လှုံ့ဆော်နေခြင်းသာဖြစ်ကြောင်းနှင့် ပြည်သူများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ https://mod.gov.mm/node/74 တွင် ဝင်ရောက်လေ့လာနိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ ငွေကျပ် ၁ ဒသမ ၉၃၂ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၁၃၈ တုံး၊ အလေးချိန် ၄၈ ဒသမ ၃ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် မေ ၃**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ ငွေကျပ် ၁ ဒသမ ၉၃၂ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ဘလောက်တုံး ၁၃၈ တုံး၊ အလေးချိန် ၄၈ ဒသမ ၃ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၃၀ ရက် ညနေ ၃ နာရီတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မရမ်းချောင် ကျေးရွာအနီးတွင် ရေနီမှ မော်လမြိုင်သို့ လင်းလင်းဖြိုး မောင်းနှင်လာသည့် SUPERCUSTOM HIACE မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ် ၁ ဒသမ ၉၃၂ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၁၃၈ တုံး၊ အလေးချိန် ၄၈ ဒသမ ၃ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ ဘိန်းဖြူဘလောက်တုံးများအား ရှမ်းပြည်နယ် (တောင်ပိုင်း) မှ မွန်ပြည်နယ် မော်လမြိုင်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်
ဘာသာပြန်စာတည်း - ခြူးစန္ဒီမွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃ - ၄ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၀၀ ကျပ် | ၂၄၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၄၅ ကျပ် | ၂၄၉၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၉၅ ကျပ် | ၂၈၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၉၁၅ ကျပ် | ၂၉၆၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၄၀၀ | ၈၄၀၀ | ၁၅၀ | ၁၂၆၀၀၀၀ |
| MTSH | ၂၈၅၀ | ၂၈၅၀ | ၃၀၂၃၃ | ၈၆၁၆၅၅၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၅၀၀ | ၂၄၅၀ | ၁၅၁၈ | ၃၇၉၄၈၅၀ |
| EFR | ၁၇၅၀ | ၁၇၅၀ | ၂၂၆ | ၃၉၂၉၅၀ |
| AHPC | ၄၇၀၀ | ၄၇၀၀ | ၁၃ | ၆၀၆၀၀ |
| MAEPC | ၁၈၅၀ | ၁၈၅၀ | ၁၁၁၁ | ၂၀၅၅၃၅၀ |

# ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## ကြော်ငြာစာအမှတ်(၁/၂၀၂၄)
## လျှောက်လွှာခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးများအတွက် ယှဉ်တွဲဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများသည် ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော် သို့ ၁၄-၅-၂၀၂၄ ရက် (အင်္ဂါနေ့) (လျှောက်လွှာပိတ်ရက်)မတိုင်မီ ရုံးချိန်အတွင်း လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့် ရာထူး | လစာနှုန်း | အနိမ့်ဆုံးပညာအရည်အချင်း | လစ်လပ်နေရာ ကျား မ | လစ်လပ်နေရာ ကျား/မ |
|---|---|---|---|---|---|
| (က) | ဘူမိဗေဒလက်ထောက်(၂) (ဘူမိဗေဒ) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.Sc (Geology)(Q)(Hons;) B.Sc (Geology)+ DAG | ၂ | |
| (ခ) | သုတေသနလက်ထောက်(၂) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.Sc (Geology,Chemistry, Industrial Chemistry, Physics, Zoology, Botany)Q | ၂ | |
| (ဂ) | စာရင်းကိုင်(၂) (ဘဏ္ဍာရေး) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.Com/ B.Act/B.Econ(Eco)/ B.Econ(Stats) | | ၅ |
| (ဃ) | အငယ်တန်းစာရေး | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ဘွဲ့ရ | ၁၁ | ၁၃ |
| (င) | စာရင်းကိုင်(၄) (ဘဏ္ဍာရေး) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ဘွဲ့ရ+ (ဘဏ္ဍာရေးဆိုင်ရာ/ ကွန်ပျူတာလက်မှတ်) | | ၅ |
| (စ) | စက်မှုကျွမ်းကျင်(၄) (တူးဖော်ရေး) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | A.GTI | ၂၀ | |
| (ဆ) | ဓာတ်ခွဲခန်းကျွမ်းကျင်(၄) (သုတေသန) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | B.Sc | ၁ | |
| (ဇ) | တိုင်းထွာရေး(၅) (ဘူမိဗေဒ) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | THS | ၃ | |
| (ဈ) | စက်မှုကျွမ်းကျင်(၅) (တူးဖော်ရေး) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | THS | ၁၂ | |

၂။ လျှောက်ထားသူများသည်-
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၃၁-၃-၂၀၂၄ နေ့တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၄၀)နှစ်ထက်မကြီးသူဖြစ်ရမည်။
(ဂ) မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် လက်ရှိတာဝန်ထမ်းဆောင်နေသော နေ့စားဝန်ထမ်းဖြစ်ပါက အသက် (၄၀)နှစ်ထိ ခွင့်ပြုသည်။
(ဃ) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(င) ကိုယ်လက်အင်္ဂါပြည့်စုံပြီး ကျန်းမာသန်စွမ်းသူဖြစ်ရမည်။
(စ) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်ဖြစ်ပြီး လျှောက်လွှာပုံစံကို စွမ်းအင်ဝန်ကြီးဌာန၏ Website ဖြစ်သော www.energy.gov.mm မှ Download ရယူ၍ လျှောက်ထားနိုင်ပါသည်။ လျှောက်လွှာတွင်ပါရှိသော အချက်အလက်များကို ပြည့်စုံစွာဖြည့်စွက်၍ အောက်ပါအထောက်အထားများ ပူးတွဲပါရှိရမည်-
(က) ပညာအရည်အချင်းလက်မှတ် မိတ္တူမှန်
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(ဂ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်လက်မှတ် (သို့မဟုတ်) အခြေခံပညာ အထက်တန်းအောင်လက်မှတ်မိတ္တူမှန်
(ဃ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ထုတ်ပေးထားသည့် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်နှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာမြို့နယ်ရဲစခန်း၏ ထောက်ခံချက် မိတ္တူမှန်
(င) ဝန်ထမ်းမဟုတ်ပါက သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ (သို့မဟုတ်) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်း၏ ခွင့်ပြုချက်မူရင်း
(စ) ၃ လ အတွင်း ရိုက်ကူးထားသော ကာလာဓာတ်ပုံ ၃ ပုံ (ကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)

မှတ်ချက်။ စာမေးပွဲဖြေဆိုရန် လာရောက်သည့်အချိန်နှင့် လူတွေ့စစ်ဆေးရန် လာရောက်သည့် အချိန်တို့တွင် ပူးတွဲတင်ပြထားသည့် အမှတ်စဉ်(က)မှ(င)ထိ မိတ္တူမှန်များ၏မူရင်းများကို တင်ပြရပါမည်။

၄။ သတ်မှတ်ထားသည့်စာရွက်စာတမ်းများ မပြည့်စုံလျှင်သော်လည်းကောင်း၊ သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကို(လုံးဝ)လက်ခံစဉ်းစားမည်မဟုတ်ပါ။

၅။ ရေးဖြေစာမေးပွဲကို ၈-၆-၂၀၂၄ ရက် (စနေနေ့)နှင့် ၉-၆-၂၀၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉:၀၀ နာရီမှ ၁၂:၀၀ နာရီထိ နေပြည်တော် အ-ထ-က(၇)တွင်ကျင်းပမည်ဖြစ်ပြီး အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာရပ်များကို အောက်ဖော်ပြပါရာထူးအတွက် လျှောက်ထားသူများမှ ဖြေဆိုရမည်ဖြစ်ပါသည်-
(က) လစာနှုန်း ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ တန်း ရာထူးအတွက် လျှောက်ထားသူများသည် ၈-၆-၂၀၂၄ (စနေနေ့) နံနက် ၉:၀၀နာရီမှ ၁၂:၀၀နာရီထိ၊
(ခ) လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ တန်း ရာထူးအတွက် လျှောက်ထားသူများသည် ၉-၆-၂၀၂၄ (တနင်္ဂနွေနေ့) နံနက် ၉:၀၀နာရီမှ ၁၂:၀၀နာရီထိ၊

၆။ လစာနှုန်း ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ တန်း ရာထူးအတွက် လျှောက်ထားသူများသည် ရေးဖြေဖြေဆိုရန်မလိုဘဲ လူတွေ့စစ်ဆေးခြင်းကို မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် ပြုလုပ်မည်ဖြစ်ပါသည်။

၇။ လျှောက်ထားသူများအနက် သတ်မှတ်ထားသည့်အချက်အလက်များနှင့်ပြည့်စုံသော ဖြေဆိုခွင့် ရရှိသူအမည်စာရင်းအား ဖော်ပြပါ Website တွင် ကြိုတင် ကြေညာပေးသွားမည်ဖြစ်ပြီး ဖြေဆိုခွင့် ကတ်ပြားများကို ၆-၆-၂၀၂၄ ရက်(ကြာသပတေးနေ့)၌ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင်ထုတ်ပေးသွားမည်ဖြစ်ရာ လူကိုယ်တိုင်လာရောက်ထုတ်ယူရပါမည်။

၈။ လစာနှုန်း ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ တန်း ရာထူးနှင့် လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ တန်း ရာထူးအတွက် ရေးဖြေအောင်မြင်သူများစာရင်းနှင့် လူတွေ့ဖြေဆိုရမည့် နေ့ရက်/အချိန်ကိုလည်းကောင်း၊ လစာနှုန်း ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ တန်း ရာထူးအတွက် လူတွေ့ဖြေဆိုရမည့် နေ့ရက်/အချိန်ကိုလည်းကောင်း ဖော်ပြပါ Website တွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပြီး မြန်မာ့ရေနံနှင့်သဘာဝ ဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လူတွေ့စစ်ဆေးခြင်း ပြုလုပ်မည်ဖြစ်ပါသည်။

၉။ ရေးဖြေစာမေးပွဲလာရောက်ဖြေဆိုရာတွင်သော်လည်းကောင်း၊ လူတွေ့စစ်ဆေးရန် လာရောက်သည့်အခါတွင်လည်းကောင်း မိမိစရိတ်ဖြင့် လာရောက်ကြရမည်ဖြစ်ပါသည်။

၁၀။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ ဖုန်းနံပါတ်-၀၆၇-၃၄၁၁၃၃၇၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**

### စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ လျှောက်လွှာပုံစံ

သို့
**ဦးဆောင်ညွှန်ကြားရေးမှူး**
**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊**
**စွမ်းအင်ဝန်ကြီးဌာန**
**ရုံးအမှတ်(၄၄)၊ နေပြည်တော်။**

ဓာတ်ပုံ (၁.၁x ၁.၃လက်မ)

**စာဖြေဌာန** ---------------

၁။ လျှောက်ထားသည့် ရာထူး/အမှတ်စဉ်
(က) ---------------
(ခ) ---------------
(လစာနှုန်းတူ ရာထူး ၂ နေရာလျှောက်ထားနိုင်သည်)

၂။ လျှောက်ထားသူ
(က) အမည် ---------------
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ---------------
(ဂ) မွေးသက္ကရာဇ်(ရက်၊ လ၊ နှစ်) ---------------
(ခရစ်သက္ကရာဇ်ဖြင့်ဖော်ပြရန်)
(ဃ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ ---------------
(င) ပညာအရည်အချင်း/ခုနှစ် ---------------
(စ) နေရပ်လိပ်စာ အပြည့်အစုံ ---------------
ဖုန်းအမှတ် ---------------
(ဆ) လက်ရှိအလုပ်အကိုင်(နိုင်ငံ့ဝန်ထမ်းများအတွက်) ---------------
ရာထူး၊ ဌာန၊ လစာနှုန်း ---------------
(ဇ) ဖခင်အမည် ---------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ---------------
အလုပ်အကိုင် ---------------
(ဈ) အမိအမည် ---------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ---------------
အလုပ်အကိုင် ---------------
(ည) အိမ်ထောင်ရှိလျှင် ဇနီး/ခင်ပွန်းအမည် ---------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ---------------
အလုပ်အကိုင် ---------------
(ဋ) လုပ်ကိုင်ခဲ့ဖူးသောအလုပ်အကိုင်များ ---------------
(နုတ်ထွက်ပြောင်းရွှေ့ခဲ့လျှင် အကြောင်းပြချက်ဖော်ပြရန်)

၃။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါစာရွက်စာတမ်း(မိတ္တူ)များ ပူးတွဲတင်ပြပါသည်-
(က) ပညာအရည်အချင်းလက်မှတ် မိတ္တူမှန်
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(ဂ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်လက်မှတ်(သို့မဟုတ်)အခြေခံပညာ အထက်တန်းအောင်လက်မှတ်မိတ္တူမှန်
(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက် နှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာမြို့နယ် ရဲစခန်း၏ထောက်ခံချက်မိတ္တူမှန်
(င) ဝန်ထမ်းမဟုတ်ပါက သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ (သို့မဟုတ်) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်း၏ ခွင့်ပြုချက်မူရင်း
(စ) ၃ လ အတွင်း ရိုက်ကူးထားသော ကာလာဓာတ်ပုံ ၃ ပုံ (ကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)

၄။ အလုပ်ခန့်ထားခြင်းခံရပါက မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့်ချုပ်ဆိုသော အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပါအတိုင်း လိုက်နာဆောင်ရွက်မည်ဖြစ်ပြီး ဒေသမရွေးသွားရောက် တာဝန်ထမ်းဆောင်နိုင်ပါသည်။

၅။ အထက်ဖော်ပြပါအချက်အလက်များ မှန်ကန်ကြောင်း ကိုယ်တိုင်ဝန်ခံကတိပြုပါသည်။

**လက်မှတ်** ---------------
**အမည်** ---------------
**နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်** ---------------
**ဖုန်းနံပါတ်** ---------------

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် ပပ.၄၊ ဦးပိုင် အမှတ်(၂၅)၊ ၆၇x၆၈လမ်း၊ ယောမင်းကြီးလမ်းနှင့် သခင်ဖိုးလှကြီး လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ရှော့စီး(ခ)ခင်တင့် ၁၃/ကလတ(နိုင်)၀၀၀၀၈၃က အမှုတွဲအမှတ် ၈၀၈၅/၂၀၂၃-၂၀၂၄ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် ပပ-၇၊ ဦးပိုင်အမှတ် (၅၁)၊ ၆၄x၆၅ လမ်း၊ ယောမင်းကြီးလမ်းနှင့် သခင်ဖိုးလှကြီးလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဝင်းမောင်ဆန်း ၅/စကန(နိုင်)၁၂၀၆၈၄၊ ဒေါ်အေးအေးချို ၉/မရမ(နိုင်)၀၁၇၀၂၇တို့က အမှုတွဲအမှတ် ၈၀၈၆/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4G/1947, ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဇော်ဦး ၇/ဝမန(နိုင်)၁၆၀၀၈၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် ယ.၂၊ ဦးပိုင်အမှတ်(၁၂-က)၇၃လမ်း၊ မြဝတီမင်းလမ်းနှင့် ၁၁၃လမ်းကြားရှိ ဂရန် မြေကွက်အမည်ပေါက်သူ ဒေါ်ဥမ္မာ၏(SP ရရှိသူ ဒေါ်ဝင်းဝင်းလှိုင်) ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၄၂၂/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ရွှေလှိုင် ၁၃/နခန (နိုင်) ၀၃၅၈၆၀က အမှုတွဲအမှတ် ၈၀၈၈/၂၀၂၃-၂၀၂၄ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက် အမှတ် ၆၀၃၊ ဦးပိုင်အမှတ်(၃၀၈-င)ရွှေကြက်ဖလမ်းပေါ်၊ စစ်ကိုင်း-မန္တလေးကားလမ်းနှင့် မန်ကျည်းတောကျောင်းတိုက်တောင်ဘက်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်စိန် ၉/အမရ(နိုင်)၀၁၃၉၀၂က အမှုတွဲအမှတ် ၈၀၇၃(၂၀၂၃-၂၀၂၄)ဖြင့် သက် တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၉)ရပ်ကွက်၊ မဟာဗန္ဓုလလမ်းပေါ်ရှိ URBAN ASIA CENTRE၊ Block(A)(7)လွှာ၊ အခန်းအမှတ်(၀၇-၀၄)၊ အကျယ်အဝန်းဧရိယာ(၁၄၅၄)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းအား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသော (ASIA EXPRESS (YGN) Co,Ltd ဥက္ကဋ္ဌ) အမည်ပေါက်ပိုင်ဆိုင်သူ ဦးမောင်မောင်(ဘ)ဦးစိန် ၁၂/မရက(နိုင်)၀၆၈၇၇၄ ထံမှ ဦးဝင့်ဗိုလ်ဗိုလ်(ဘ) ဦးမောင်မောင်စိုး ၁၃/မဘန(နိုင်)၀၁၃၇၀၀ နှင့် ဒေါ်ယုယုမော် (ဘ) ဦးအောင်ဆန်း ၁၂/ဒဂတ(နိုင်)၀၄၄၅၂၂ တို့က ရောင်းချငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေဝယ်ယူထားပါသဖြင့် အဆိုပါအခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၇) ရက်အတွင်း တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထား ခိုင်လုံစွာတင်ပြ၍ အောက်အမည်ပါဝယ်ယူသူများထံ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဝင့်ဗိုလ်ဗိုလ်၊ ၀၉ ၂၅၀၅၁၃၆၃၆**
**ဒေါ်ယုယုမော် ဖုန်း-၀၉-၅၀၆၇၃၅၁**
**အမှတ် (၁၃)၊ ရန်ကြီးအောင်လမ်း၊ ၃/ရန်ပြေရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3D/8667, Toyota Mark XARX121, S/L (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်အောင်သူ ၁၂/ဥကတ(နိုင်)၀၀၁၅၁၇ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ် ၈၁၈၊ ဦးပိုင်အမှတ် (၆-ဃ)၊ ၃၂x၃၃လမ်းကြား၊ ၆၃ လမ်းပေါ်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အေးအေးဝင်း(ခ) နန်းခမ်းအေး ၉/မရမ(နိုင်)၀၀၅၆၄၈က အမှုတွဲအမှတ် ၈၀၇၂/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၂ရပ်ကွက်၊ အကွက်အမှတ် စ-၂၊ ဦးပိုင်အမှတ် (၁၆) ၆၆လမ်းနှင့် ၆၇ လမ်းကြား၊ ငုရွှေဝါလမ်းနှင့် ဇလပ်ဝါလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးခင်မောင်အေး ၉/မရမ(နိုင်)၀၁၂၉၅၅က အမှုတွဲအမှတ် ၈၀၈၀/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 5G/8797 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

**သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အဆောက်အအုံနှင့်ကုန်ရုံဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ (၆)မြို့နယ်အတွင်း ယာဉ်အသွားအလာရှုပ်ထွေးသောနေရာများတွင် ဖြည့်စွက်တပ်ဆင်နိုင်ရန်အတွက် လိုအပ်သော လမ်းဆုံမီးပွိုင့်အသစ်နှင့် ဆက်စပ်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူသွားမည်ဖြစ်ပါသောကြောင့် စိတ်ပါဝင်စားသော ကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်**- (၃-၄-၂၀၂၄)ရက်မှ (၂၄-၄-၂၀၂၄)ရက်ထိ
(ခ) **တင်ဒါသွင်းရမည့်နောက်ဆုံး ရက်/အချိန်** - (၂၄-၄-၂၀၂၄)ရက် (၁၆:၀၀)နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်** - (၂-၅-၂၀၂၄)ရက်၊ (ခန့်မှန်း)
(ဃ) **တင်ဒါဖွင့်မည့်နေရာ** - အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
(င) **တင်ဒါတစ်စုံရောင်းဈေးနှုန်း**
(၁) လမ်းဆုံမီးပွိုင့်အသစ် - ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)
(၂) CCTV Camera - ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)

သတ်မှတ်ရက်အချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အဆောက်အအုံနှင့်ကုန်ရုံဌာန၊ ဖုန်း-၀၉-၂၂၀၁၉၇၂နှင့် ၀၉-၄၄၄၀၀၈၂၂၀ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အဆောက်အအုံနှင့်ကုန်ရုံဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အဆောက်အအုံနှင့်ကုန်ရုံဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများအတွက် အသုံးပြုရန် လိုအပ်သည့် သံလုံးသံချောင်းများအား အိတ်ဖွင့်တင်ဒါ ခေါ်ယူ၍ (မြန်မာကျပ်ငွေ) ဖြင့် ဝယ်ယူသွားမည်ဖြစ်ပါသောကြောင့် စိတ်ပါဝင်စားသော ကုမ္ပဏီများ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - (၃-၄-၂၀၂၄)ရက်မှ (၂၄-၄-၂၀၂၄)ရက်ထိ
(ခ) **တင်ဒါတင်သွင်းရမည့်နောက်ဆုံး ရက်/အချိန်** - (၂၄-၄-၂၀၂၄)ရက် (၁၆:၀၀) နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်** - (၂-၅-၂၀၂၄)ရက်၊(ခန့်မှန်း)
(ဃ) **တင်ဒါဖွင့်မည့်နေရာ** - အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ၊
(င) **တင်ဒါလျှောက်လွှာ ဈေးနှုန်း** - ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ)

သတ်မှတ်ရက်အချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အဆောက်အအုံနှင့် ကုန်ရုံဌာန၊ ဖုန်း-၀၉-၇၉၈၅၄၄၉၁၅သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အဆောက်အအုံနှင့်ကုန်ရုံဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ သုရလမ်း၊ အမှတ်(၉၀)၊ (၂)ခန်းတွဲ RC(၅)ထပ်အဆောက်အအုံ၏ (ပထမထပ်)၊ (၂-လွှာ)၊ တိုက်ကို မျက်နှာမူလျှင် (လက်ဝဲဘက်အခန်း)၊ ဧရိယာ(၈၆၈)စတုရန်းပေရှိ တိုက်ခန်းနှင့်၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူများဖြစ်သော ဦးကျော်သူရ ၁၂/မရက(နိုင်)၁၃၉၇၈၀၊ ဒေါ်မာမာဝင်း ၇/မညန(နိုင်)၀၈၄၉၃၇တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးကျော်ဇင်ကို ၁၂/ကခက(နိုင်)၀၈၃၃၃၉၊ ဒေါ်ရှုကြည်ခိုင် ၁၂/ကခက(နိုင်) ၀၈၆၂၃၀ တို့က အပြီးအပြတ်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လို သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာချုပ်စာတမ်း၊ စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်ဇင်ကို၊ ဒေါ်ရှုကြည်ခိုင်တို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ခိုင်ဝင်း (LL.B),WIPO(Switzerland) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၈၈)**
**အမှတ်(၄၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေ မြို့နယ်၊ ကျားကွက်သစ် ရပ်ကွက်၊ ဓမ္မစိန္တာ လမ်း၊ အမှတ်(၄)ဟုခေါ်တွင် သော (၂)ခန်းတွဲ (၆) ထပ်တိုက်၏ ၃-လွှာ(ဘီ)၊ (တိုက်ရှေ့မျက်နှာမူလျှင်-ညာဘက်)၊ အကျယ်အဝန်း (၁၇ပေ x ပေ၇၀)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်ပါလိပ်စာဖြစ်သည့်တိုက်ခန်းကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိ လက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးသန်းဦး (၇/ပမန(နိုင်)၀၁၀၂၅၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးကြည်မင်း (၁၁/ရဗန(နိုင်)၀၄၆၄၇၅)က အပြီးပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါတိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘုမောင်(LL.B) (စဉ် - ၂၂၇၄၇)၊ဒေါ်ဖြိုးဖြိုးအောင်(LL.B) (စဉ်-၄၈၄၃၁) အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဖျိုင်းရေအိုးစင်လမ်း၊ တာမွေ မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉- ၅၁၁၈၀၀၇၊ ၀၉- ၅၁၁၅၉၉၀၊ ၀၉- ၅၁၈၃၅၆၉**

## အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့၊ လက်ပံပင်ရွာ(အနောက်အုပ်စု)တွင် နေထိုင်သော ဦးမင်းစိုး (၇/နတလ(နိုင်)၁၂၃၂၃၁) ၏ လွှဲအပ်ချက်အရ –

ကျွန်ုပ်၏မိတ်ဆွေ ဦးမင်းစိုး၏သမီးဖြစ်သူ မအေးသန္တာဖြိုး(၇/နတလ(နိုင်) ၁၄၄၀၇၇)ကိုင်ဆောင်သူသည် မိဘ၏ဆိုဆုံးမမှုကို နားမထောင်ဘဲ လူမှုရေးဖောက်ပြန်မှုများဖြင့် စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သည့်အတွက် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးကျော်ဇေယျ(LL.B, D.B.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၉၈၆)**
**ဖုန်း၊ ၀၉-၂၀၅၀၈၉၀**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့၊ လယ်ပြင်ရပ်ကွက်နေ မအေးမီမီမိုး ၈/မသန(နိုင်)၁၄၄၈၀၄၏ ဖခင် ဦးထွန်းမိုး ၁၂/မဘန(နိုင်) ၀၇၉၇၁၇နှင့် ဦးထွန်းထွန်းမိုးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးထွန်းထွန်းမိုး(ခ)ဦးထွန်းမိုး**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အဆောက်အအုံနှင့်ကုန်ရုံဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ (၆)မြို့နယ်အတွင်း လမ်းမီးထွန်းခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် လိုအပ်သော မီးတိုင်၊ မီးလုံး၊ မီးကြိုး၊ Transformer နှင့် (Relay, Timer, Breaker) အိတ်ဖွင့်တင်ဒါခေါ်ယူ၍ (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူသွားမည်ဖြစ်ပါသောကြောင့် စိတ်ပါဝင်စားသောကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - (၃-၄-၂၀၂၄)ရက်မှ(၂၄-၄-၂၀၂၄)ရက်ထိ
(ခ) **တင်ဒါသွင်းရမည့်နောက်ဆုံးရက် အချိန်** - (၂၄-၄-၂၀၂၄)ရက်၊ (၁၆:၀၀)နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်** - (၂-၅-၂၀၂၄)ရက်၊ (ခန့်မှန်း)
(ဃ) **တင်ဒါဖွင့်မည့်နေရာ** - အဆောက်အအုံနှင့်ကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
(င) **တင်ဒါတစ်စုံရောင်းဈေးနှုန်း**
(၁) မီးတိုင်(GI Pole) - ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)
(၂) မီးလုံး(LED Lamp) - ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)
(၃) မီးကြိုး(၅)မျိုး - ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)
(၄) Transformer - ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)
(၅) Relay, Timer, Breaker - ၅၀၀၀/- (ကျပ်ငါးထောင်တိတိ)

သတ်မှတ်ရက်အချိန်ထက်ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အဆောက်အအုံနှင့်ကုန်ရုံဌာန၊ ဖုန်း-၀၉-၂၂၀၁၉၇၂နှင့် ၀၉-၄၄၄၀၀၈၂၂၀သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အဆောက်အအုံနှင့်ကုန်ရုံဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃)
## ဒဂုံမြို့သစ်ခရိုင်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၁၂

**ကွယ်လွန်သူဦးအုန်းသင်၏ ကျန်ရစ်သောပစ္စည်းနှင့် စပ်လျဉ်းသည့်အမှု**

၁။ ဦးမျိုးမင်းသိမ်း — လျှောက်ထားသူများ
၂။ ဒေါ်ခင်မြတ်မင်း
အမှတ်(၅၂၈)၊ ပုန်းညက်မြိုင်လမ်း၊ (၄၉)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ပုန်းညက်မြိုင်လမ်း၊ (၄၉)ရပ်ကွက်၊ အမှတ် (၅၂၈)၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးအုန်းသင်၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့် အကြောင်းနှင့် ကွယ်လွန်သူ ဦးအုန်းသင်၏သားဖြစ်သူ ဦးမျိုးမင်းသိမ်းနှင့်သမီးဖြစ်သူ ဒေါ်ခင်မြတ်မင်းတို့က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ်၊ ဧပြီလ (၃၀) ရက် (၁၃၈၆ ခုနှစ်၊ တန်ခူးလဆုတ် (၇) ရက်) နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးအုန်းသင်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၄ ခုနှစ်၊ ဧပြီလ၊ (၃၀) ရက် (၁၃၈၆ ခုနှစ်၊ တန်ခူးလဆုတ် (၇) ရက်) နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့်အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးမျိုးမင်းသိမ်းနှင့် ဒေါ်ခင်မြတ်မင်းတို့၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည် ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ ဧပြီလ (၃)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စမ်းသီတာအောင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ဦးအောင်မိုး (၁၂/တတန(နိုင်)၀၄၅၃၃၉) နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းမြောက်ရပ်ကွက်၊ သုခလမ်း၊ တိုက်အမှတ်(၄၀)ရှိ ပထမထပ်တိုက်ခန်းသည် ကျွန်ုပ်မိတ်ဆွေ ဒေါ်စန်းရီ ၁၂/စခန(နိုင်)၀၄၂၇၈၁ပိုင်ဆိုင်သော တိုက်ခန်း ဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအား ကျွန်ုပ်မိတ်ဆွေက ဦးအောင်မိုးထံ (၁၅-၁-၂၀၂၄)ရက်စွဲပါ တိုက်ခန်းအရောင်းအဝယ်စရန်ပေး ကတိစာချုပ်ချုပ်ဆို၍ စရန်ငွေ တစ်စိတ်တစ်ဒေသ ရယူခဲ့သော်လည်း သတ်မှတ်ကာလဖြစ်သော (၂၉-၁-၂၀၂၄)ရက်၌သော်လည်းကောင်း၊ ထိုနေ့နောက်ပိုင်း၌သော်လည်းကောင်း၊ ဦးအောင်မိုးသည် တိုက်ခန်းဖိုးကျန်ငွေအား ကျွန်ုပ်မိတ်ဆွေထံ ပေးချေခြင်းမပြုဘဲ ပျက်ကွက်လျက်ရှိပါသည်။ သို့ပါ၍ ဦးအောင်မိုးနှင့် ကျွန်ုပ်မိတ်ဆွေတို့ ချုပ်ဆိုခဲ့သော (၁၅-၁-၂၀၂၄)ရက်စွဲပါ တိုက်ခန်းအရောင်းအဝယ် စရန်ပေးစာချုပ်သည် ဦးအောင်မိုးဘက်မှ ပျက်ကွက်သဖြင့် စာချုပ်ပျက်ပြယ်သွားပြီဖြစ်ကြောင်း ဦးအောင်မိုးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန်းရီ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယမင်းသူဇာလွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၈၄၃/၃၀-၁၁-၂၀၂၃)**
**အမှတ်(၁၃/A1)၊ မာလာမြိုင်(၃)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊**
**ဖုန်း-၀၉-၄၃၀၂၃၄၇၅**

## နှစ်ဦးသဘောတူကွာရှင်းပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဒေါ်လင်းလင်းဌေး (၁၀/ရမန(နိုင်)၁၅၀၈၇၅)၏ လွှဲအပ်ညွှန်ကြားချက်အရအောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

**မင်းကြီးလမ်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။ ဖုန်း-၀၉-၂၅၁၀၄၇၆၄၈**

## ဦးနေလင်း နှင့် အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မုန်တန်းရပ်ကွက်၊ အကွက်အမှတ် (၆၀၃-က)၊ ဦးပိုင်အမှတ်(၃၃)၊ ဧရိယာ ၀ ဒသမ ၀၆ ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်အား ဂရန်အမည်ပေါက်သူ ဦးနေလင်းထံမှ ကျွန်တော် ဦးစိုးလွင်နှင့် ဦးရှိုင်းဝဏ္ဏမင်း တို့မှ တရားဝင် အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူကာ လက်ရှိထားပိုင် ဆိုင်လျက်ရှိပါသည်။

အဆိုပါ အရောင်းအဝယ်ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်း အဝယ်စာချုပ်အား ဝယ်ယူသူ တောင်းဆိုသည့်အချိန်တွင် ရောင်းချသူမှ ချုပ်ဆို ပေးပါမည်ဟု ဝန်ခံကတိပြုထားသည်ဖြစ်၍၁၈-၄-၂၀၂၄ရက်နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ဆက်သွယ်၍ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အား ချုပ်ဆိုပေးပါရန် အသိပေး အကြောင်းကြားပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုပေးရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးနေလင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**၁။ ဦးစိုးလွင် ၂။ ဦးရှိုင်းဝဏ္ဏမင်း**
**အကွက်အမှတ်(၆၀၃-က)၊ မုန်တန်းရပ်ကွက်၊**
**အမရပူရမြို့နယ်၊ မန္တလေးမြို့။ ဖုန်း-၀၉-၇၇၁၈၉၄၂၀၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

စစ်တွေမြို့၊ မောလိပ်ရပ်ကွက်နေ ဒေါ်လှလှရီက စစ်တွေမြို့၊ မောလိပ်ရပ်ကွက်၊ အကွက်အမှတ်(၃၇)၊ မောလိပ်အကွက်၊ ဦးပိုင်အမှတ်(၁၀၇-ဃ)၊ ဧရိယာ ၀ ဒသမ ၀၁၅ ဧကရှိ ဘိုးဘပိုင်(B)၊ မြို့မြေအား အမည်ပေါက်ပိုင်ဆိုင်ခဲ့သူ ဒေါ်မတင်ကြီး ဖြစ်ပြီး ၎င်း၏အမွေကို ဆက်ခံပိုင်ဆိုင်လာကာ လက်ရှိနေထိုင်သော သမီးဖြစ်သူ ဒေါ်လှလှရီ အမည်ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူ များရှိပါက ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသော သက်သေ အထောက်အထားများဖြင့် စစ်တွေမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်း အင်းဦးစီးဌာနမှူးထံ ကန့်ကွက်လွှာတင်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**
**စစ်တွေမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအရှေ့ရပ်ကွက်၊ အကွက် အမှတ် ၅၄၂၊ ဦးပိုင်အမှတ်(၇၃)ခဲစင်း/၃၅ x ၃၆ ကြား၊ ၈၀ x ၈၁လမ်းကြားရှိ ဒေါ်စိန်ညွန့် အမည်ပေါက် ဂရန်မြေကွက်အား တရားလို ဒေါ်အယ်လင်က တရားပြိုင် ဒေါ်စိန်ညွန့်အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေး စေလိုမှုဖြင့် မဟာအောင်မြေမြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၂/၂၀၂၄) ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်အယ်လင် ၉/မရတ (နိုင်)၁၀၆၂၀၃ က တရားရုံးအမိန့်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင် အရောင်းအဝယ် စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ကျန်တန်းရပ်ကွက်၊ အကွက်အမှတ် ၆၀၀၊ ဦးပိုင်အမှတ်(၃၅၄)ထဲမှ ဧရိယာ ၀ ဒသမ ၀၉ဧက၊ စစ်ကိုင်း-မန္တလေးကား လမ်းပေါ်၊ မြစ်ကြီးနား-မန္တလေးမီးရထားလမ်းတောင်ဘက်၊ တံတားလယ်ရွာ၏ အနောက်ဘက်ရှိ မြေကွက်အား ဦးအောင်ဆန်း ၉/မနတ(နိုင်)၀၃၇၃၂၀ က အစဉ်တစိုက် နေထိုင်ပိုင်ဆိုင်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်သစ်လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်း များ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀)၊ လူနေရပ်ကွက်အမှတ် (၁၀)၊ (၁၃)လမ်း၊ မြေကွက်အမှတ် (၉၁၆/ခ)၊ အကျယ်အဝန်း ပေ(၂၀ x ၆၀)၊ ဧရိယာ(၁၂၀၀) စတုရန်းပေရှိသော ဦးမောင်မောင် ၁၂/ဥကတ(နိုင်)၀၈၈၁၄၂ အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်မြေကွက်အနက်မှ အကျယ်အဝန်း အလျား (၁၀)ပေ x အနံ(၆၀)ပေရှိမြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား ယင်းအမည်ပေါက် ပိုင်ရှင်ထံမှ အရပ်ကတိစာချုပ်ချုပ်ဆိုဝယ်ယူ၍ လက်ဝယ်ထားရှိ ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးလှမိုး ၇/ကဝန(နိုင်)၁၂၉၉၀၄ နှင့် ဇနီးဖြစ်သူ ဒေါ်ကြူကြူဝင်း ၁၂/ဥကတ(နိုင်) ၁၄၈၉၆၇ တို့ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်ဆွေဆွေဝင်း ၁၂/ဥကတ(နိုင်)၀၀၀၅၆၆ မှ ရောင်းချသော တန်ဖိုးငွေ၏ တစ်စိတ် တစ်ဒေသကိုပေးချေပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်ကို ပိုင်ရေးဆိုင်ခွင့်ရှိသူတို့မှ မရောင်းထိုက်၊ မဝယ်ထိုက်ဟု ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစပြီး (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဤအရောင်း အဝယ်ကို ဥပဒေနှင့်အညီ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်ခင်မာထွန်း (LL.B, DBL) | ဒေါ်လေးလေးနုထွေး (LL.B, LL.M) |
|---|---|
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၀၁) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၅၀) |

**အမှတ်(၁၀၃၇/ခ)၊ပင်းယ(၁၈)လမ်း၊(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၅၃၁၀၃၉၀၆၊ ၀၉-၂၅၀၂၂၃၈၁**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၄-၃-၂၀၂၄ ရက်၊ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၅)၏ ကြော်ငြာစာတွင် အကွက်အမှတ် (ညည-၄၂)၊ ဦးပိုင်အမှတ်(၁၆)၊ ခဲစင်း မြောက်ဘက်ခြမ်းအစား ဦးပိုင်အမှတ် (၁၆) ခဲစင်း တောင်ဘက်ခြမ်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မြစ်လောင်းကျေးရွာနေ ဦးစည်သူမျိုးမြင့်(ဘ) ဦးမျိုးမြင့် ၉/အမရ(နိုင်)၁၁၁၃၄၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစည်သူမျိုးမြင့်သည် အထက်ဖော်ပြပါ နေရပ်လိပ်စာတွင် သောက်ရေသန့် စက်ရုံဖွင့်လှစ်၍ (၁) S&P (၂) P&S နှင့် (၃) Forest အမည်တို့ဖြင့် သောက်ရေသန့်လုပ်ငန်းအား လုပ်ကိုင်ဆောင်ရွက် သွားရန် ရည်ရွယ်၍ အဆိုပါ အမည်အမှတ်အသားတို့အား ကုန်အမှတ်တံဆိပ် ဥပဒေနှင့်အညီ တရားဝင် မှတ်ပုံတင်သွင်းမည် ဖြစ်ပါသည်။

အဆိုပါအမည်အမှတ်အသားတို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ကုန်အမှတ်တံဆိပ်ဥပဒေတို့နှင့်အညီ တရားဝင် မှတ်ပုံတင်သွင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဦးစည်သူမျိုးမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| ဒေါ်နန္ဒာမြင့်သိန်း(စဉ်-၈၀၃၆) | ဒေါ်ချောစုမေ(စဉ်-၉၈၁၅) | ဒေါ်ဆုမွန်မွန်(စဉ်-၁၁၆၄၇) |
|---|---|---|

**(တရားလွှတ်တော်ရှေ့နေများ)**
**အိမ်အမှတ်(ဒီ-၄)၊ သီရိရိပ်သာ(၂)၊ ၆၅လမ်း ၃၄x၃၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၅၀၀၄၉၇၀၆၊ ၀၉- ၂၀၃၅၈၅၅၊**
**Email: lawfirmmyanmar@gmail.com**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဝင်းမော် ၅/ခဥတ (နိုင်)၀၄၇၂၉၆ ပိုင်ဆိုင်သော အဏ္ဏဝါရာဇဝင်း/၁၃၆၁၈ ရေယာဉ်၏ လုပ်ငန်းလိုင်စင် ပျောက်ဆုံးသွားပါ သဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။

**ဦးဝင်းမော်**
**ဖုန်း-၀၉-၂၅၉၀၈၁၁၃၁**

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးမျိုးစည်သူဝင်း ၈/ပခက(နိုင်)၁၉၇၀၇၃ ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ) ပတ်စ်ပို့ စာအုပ်သည် ပျောက်ဆုံးသွားပါ သဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။

**ဖုန်း-၀၉-၄၃၁၂၄၄၁၇**

## ပျောက်ဆုံးကြောင်း

ဒေါ်ကြည်ကြည်စန်း ၁၂/လမတ (နိုင်)၀၀၅၁၃၆ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ) ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၄၁၀၆၆၄၈**

## ပတ်စ်ပို့ပျောက်

မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန် မြို့နယ်၊ သောင်ပြင်ကျေးရွာအုပ်စု၊ သောင်ပြင်ရွာနေ ဦးတင်မျိုးဝင်း၏သား ကျွန်တော် မောင်ဖြိုးရန်နိုင် ၉/ငဇန (နိုင်)၁၄၆၈၉၄၏ ပတ်စ်ပို့နံပါတ် MI-747577 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၇၂၅၁၃၉၈**

## တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ညိုပင် အ.ထ.က(ခွဲ) Grade-12 မှ မမီမီပိုင်ထွန်း၏ မိခင်ဒေါ်ကြူကြူ မြင့်နှင့် ဒေါ်ကြူမြင့် ၉/လဝန(နိုင်) ၀၁၂၈၂၆ သည် တစ်ဦးတည်းဖြစ်ပါ ကြောင်း။

**ဒေါ်ကြူကြူမြင့်နှင့်ဒေါ်ကြူမြင့်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဝေါမြို့၊ အရှေ့ဘက်ကမ်းရပ်ကွက် မင်းလမ်း ကွင်းအမှတ်(TL-၉) စက်လှရပ်၊ ဦးပိုင်အမှတ်(၅၈-က)၊ ဧရိယာ ၀ ဒသမ ၀၃၅ ဧကရှိ ဘိုးဘွားပိုင် မြေကွက်အား ဦးစိုးလင်း ထက် ၇/ဝမန(နိုင်)၀၇၈၆၇၁-ဒေါ်ခင် ထွေးလွင် ၇/ဝမန(နိုင်)၀၇၈၇၆၆ မှ အမည်ပြောင်း လျှောက်ထားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူ ရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်း(မူရင်း) အပြည့်အစုံဖြင့် ကြေညာပါပြီး ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါ ကြောင်း အသိပေး ကြေညာအပ်ပါ သည်။

**ဦးစိုးလင်းထက်-**
**ဒေါ်ခင်ထွေးလွင်**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
## အောင်မြေသာစံခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁၆

**ကွယ်လွန်သူ ဦးမောင်ငွေ၏ ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဥ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ဂွေးကြီးကုန်းကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးမောင်ငွေ၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဇနီးဖြစ်သူ ဒေါ်တူးက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၃ ရက် (၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးမောင်ငွေ၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွား သက်ဆိုင်သည်အဆိုရှိသူတို့အား အဆိုပါ အမှုတွင် ၎င်းတို့ (လာရောက် ဆိုင်ဆိုရန်သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၃ ရက်(၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော်)၌ မိမိတို့ကိုယ်တိုင် သော်လည်းကောင်း၊ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့်အမွေထိန်း လက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃ နှင့် အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်တူး၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက် ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(ကိုကိုနိုင် )
တွဲဖက်ခရိုင်တရားသူကြီး(၁)
အောင်မြေသာစံခရိုင်တရားရုံး

## ရောင်းချမည့်အကြောင်းကြော်ငြာစာတွင်ပါရှိရန် အကြောင်းအရာများကို စီစဉ်သတ်မှတ်ရန် ချိန်းဆိုသောနေ့ရက်ကို အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
## မဟာအောင်မြေခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၇၄
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၆၄

ဦးကျော်ညွန့် နှင့်
၁။ ဦးသူရ
၂။ မဝေဝေကြူ
၃။ မငွေဆင့်ဝေ
၄။ မအေးမြတ်စံ
၅။ မဝေဝေမြတ်
(ကွယ်လွန်သူဦးအေးကြူ၏ တရားဝင်ကိုယ်စားလှယ်များ)
၆။ ဒေါ်မေသန်းနွယ်
၇။ ဦးကျော်ဇော
၈။ ဦးအောင်ကျော်ထွန်း
၉။ ဒေါ်ခင်အုန်းမြင့်
၁၀။ ဒေါ်ခင်အုန်းတင့်

**ဒီကရီအနိုင်ရရှိသူ တရားရှုံးများ**

၁။ ဦးသူရ၊ ၂။ မဝေဝေကြူ၊ ၃။ မငွေဆင့်ဝေ၊ ၄။ မအေးမြတ်စံ၊ ၅။ မဝေဝေမြတ်(ကွယ်လွန်သူ ဦးအေးကြူ၏ တရားဝင်ကိုယ်စားလှယ်များ)၊ အကွက်(၃၂၀)၊ ထင်းဝင်းရပ်၊ ဒေးဝန်းအနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေ ခရိုင်၊ မန္တလေးမြို့၊ ၆။ ဒေါ်မေသန်းနွယ်၊ သ-၁၃၊ (ဃ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မဟာအောင်မြေခရိုင်၊ မန္တလေးမြို့၊ ၇။ ဦးကျော်ဇော၊ ၂၁-၂၂ လမ်းကြား၊ ၈၃ လမ်း၊ အဲဗားဂရင်းဝင်း၊ အကွက်(၁၅၉)၊ ပုလဲငွေရောင်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံခရိုင်၊ မန္တလေးမြို့၊ ၈။ ဦးအောင်ကျော်ထွန်း၊ ၈၁-၈၂ လမ်းကြား၊ ၃၆-၃၇ လမ်းကြား၊ အကွက်(၅၄၀)၊ နတ်ဝင်းရတနာဘုမ္မိအရှေ့ရပ်၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေခရိုင်၊ မန္တလေးမြို့၊ ၉။ ဒေါ်ခင်အုန်းမြင့်၊ ၁၀။ ဒေါ်ခင်အုန်းတင့် (အတူနေညီအစ်မများ)၊ ပုလိုင်းဓမ္မာရုံအနီး၊ သီရိဟေမာ အနောက်ရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေခရိုင်၊ မန္တလေးမြို့တို့ သိစေရမည်။

အထက်ပါအမှုတွင် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက်ရပ်၊ အကွက်(၂၃၇)၊ ဦးပိုင်(၁၈)မြေနှင့် မြေပေါ်ရှိ အာရ်စီနှစ်ထပ်တိုက်နှင့် မန္တလေးမြို့၊ မဟာ အောင်မြေမြို့နယ်၊ ရတနာဘုမ္မိအရှေ့ရပ်၊ အကွက်အမှတ်(၅၄၀)၊ ဦးပိုင်အမှတ်(၁၀၂) မြေနှင့်မြေပေါ်ရှိ နှစ်ထပ်အိမ်တို့အား လေလံတင်ရောင်းချပါမည့်အကြောင်း ဒီကရီရသူ တရားနိုင် ဦးကျော်ညွန့်က လျှောက်ထားသောကြောင့် ရောင်းချမည့်အကြောင်း ကြော်ငြာစာတွင် ပါရှိရန် အကြောင်းအရာများကို စီစဉ်သတ်မှတ်ရန် ၂၀၂၄ ခုနှစ်၊ မေ ၂၃ ရက် မွန်းမတည့်မီ(၁၀:၀၀)နာရီအချိန် ချိန်းဆိုပြီးဖြစ်သည်။

၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ ရက်တွင် ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မျိုးမင်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၁ )**
**မဟာအောင်မြေခရိုင်တရားရုံး**

## ကြော်ငြာစာ
## ( အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃)
## အောင်မြေသာစံခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁၇

**ကွယ်လွန်သူ ဦးပုဏ္ဏား (ခ) ဦးဖိုးကံ၏ ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဥ်း သည့်အမှု**

ပုသိမ်ကြီးမြို့နယ်၊ သမ္မတာကျေးရွာအုပ်စု၊ ကွင်းအမှတ် (၅၄၄/အောင်ပင်လယ်အရှေ့ကန်တွင်းကွင်း)၊ ဦးပိုင်အမှတ် (၅/၁)၊ ဧရိယာ ၃ ဒသမ ၁၁ ဧက၊ ဦးပိုင်အမှတ်(၅/၂)၊ ဧရိယာ ၁ ဒသမ ၅၄ ဧကနှင့် ဦးပိုင်အမှတ်(၅/၄)၊ ဧရိယာ ၁ ဒသမ ၄၅ ဧက အကျယ်အဝန်းရှိ လယ်မြေကွက်များ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးပုဏ္ဏား(ခ)ဦးဖိုးကံ၏ ကျန်ရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့် အကြောင်းနှင့် ဒေါ်ခင်စန်းမြင့်က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၃ ရက် (၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ် သောကြောင့် ထိုကွယ်လွန်သူ ဦးပုဏ္ဏား(ခ)ဦးဖိုးကံ၏ ကျန်ရစ်သောပစ္စည်း များတွင် အကျိုးစီးပွား သက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါ အမှုတွင်၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၃ ရက် (၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော်)၌ မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးအားဖြင့်သော်လည်းကောင်း၊ လာရောက် ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့် အညီ ဆင့်ဆိုလိုက်သည်။ လာရောက် ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်ခင်စန်းမြင့်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှု အကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ ဧပြီလ ၂ ရက်တွင် ဤရုံးတော် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(ငွေငွေလွင်)
ဒုတိယခရိုင်တရားသူကြီး(၃)
အောင်မြေသာစံခရိုင်တရားရုံး

**ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ မလွှကုန်းလမ်း၊ အမှတ်(၂၇)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၇)ထပ်တိုက်၏ ၃-လွှာ(တိုက်ရှေ့ မျက်နှာမူလျှင်-ဝဲဘက်)၊ အကျယ်အဝန်း(၁၅ x ၅၀)ပေရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း**

အထက်ပါလိပ်စာဖြစ်သည့်တိုက်ခန်းကို စာချုပ်အမည်ပေါက် မိခင် ဒေါ်ပုလဲဦး ၁၂/လမတ(နိုင်)၀၂၅၈၀၅ နှင့် ဖခင်ဖြစ်သူ ဦးကိုလေးတို့ အသီးသီး ကွယ်လွန်သွားပြီးနောက် အမွေဆက်ခံထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့် ရှိသည်ဟု အဆိုပြုသူများဖြစ်ကြသော ဒေါ်သဇင်ဝတ်မှုံ ၇/တငန(နိုင်)၁၁၃၀၀၆ နှင့် ဒေါ်ချယ်ရီဝတ်မှုံ ၇/တငန(နိုင်)၁၁၃၀၀၇ တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်အေးအေးမင်း (၇/တငန(နိုင်)၀၂၀၉၀၂)က အပြီးပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ အရောင်းအဝယ်အား အပြီးသတ် စာချုပ်ချုပ်ဆိုကာ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင်(LL.B) (စဉ်-၂၂၇၄၇) ဒေါ်ဖြိုးဖြိုးအောင်(LL.B) (စဉ်-၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4A/4590 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် (ဗ-၁၉)၊ ဦးပိုင်အမှတ်(၅-ခ) ၏ အနောက်ဘက်ခြမ်း (၁၀ x ၃၀)ပေ အကျယ်အဝန်းရှိ မြေကွက်သည် မီးလောင်မြေပြန်လည် ချထားရေးအဖွဲ့မှ ဦးသန်းထွန်းအမည်ဖြင့် ပြန်လည်ချထားပေးသောမြေကွက်ဖြစ်ပါသည်။

မြေကွက်ချထားရရှိသူ ဦးသန်းထွန်းသည် ဒေါ်ခင်စန်းနှင့် အိမ်ထောင်ကျပြီး သား/သမီးများ ဖြစ်ကြသည့် ဦးစန်းလှိုင်၊ ဦးကြည်လှိုင်၊ ဒေါ်စန်းမြင့်ထွန်းနှင့် ဦးထွန်းမင်းထိုက်တို့ကို မွေးဖွားခဲ့ပါသည်။ ဖခင်ဖြစ်သူ ဦးသန်းထွန်းသည် မိခင် ဒေါ်ခင်စန်းနှင့် ကွာရှင်းပြီး မိခင်မကွယ်လွန်မီကပင် နောက်ထပ် အိမ်ထောင်သစ် ထူထောင်ထားပြီးဖြစ်ပါသည်။ မိခင်ဖြစ်သူ ဒေါ်ခင်စန်း မကွယ်လွန်မီ သား/သမီးများအနက် ဒေါ်စန်းမြင့်ထွန်းနှင့် ဦးထွန်းမင်းထိုက်တို့ကို (၂၃-၇-၂၀၀၀)ရက်စွဲပါ ကတိစာချုပ်ဖြင့် အဆိုပါမြေကွက်အား အမွေအဖြစ် ပေးအပ်ခဲ့ပါသည်။ ထို့ကြောင့် အဆိုပါမြေကွက်တွင် ဒေါ်စန်းမြင့်ထွန်းနှင့် ဦးထွန်းမင်းထိုက်တို့မှ လက်ရှိနေထိုင်လျက်ရှိပါသည်။

သို့သော် အဆိုပါမြေကွက်၏ စာရွက်စာတမ်းမူရင်းများမှာ အစ်ကိုဖြစ်သူ ဦးကြည်လှိုင်၏လက်ဝယ်တွင် ရောက်ရှိနေပါသည်။ သို့ဖြစ်ပါ၍ ကျွန်မ ဒေါ်စန်းမြင့်ထွန်းနှင့် ကျွန်တော် ဦးထွန်းမင်းထိုက်တို့၏ ခွင့်ပြုချက်မရရှိဘဲ ၎င်းမြေကွက်နှင့် ပတ်သက်၍ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းစွန့်လွှတ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ၊ အမည်ပြောင်းခြင်းများ တစ်စုံတစ်ရာ ပြုလုပ်ဆောင်ရွက်မှု မပြုလုပ်ပါရန်နှင့် ပြုလုပ်ခဲ့ပါက ပြုလုပ်သူတို့၏ တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူများ-**
**၁။ ဒေါ်စန်းမြင့်ထွန်း ၂။ ဦးထွန်းမင်းထိုက်**
**လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဒေါ်ကေဇင်ဝင်း** | **ဦးရာဇာဝင်း** |
| **စဉ်-၁၈၈၃၁/၂၃** | **စဉ်-၁၈၇၅၇/၂၃** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**၃၄ လမ်း၊ ၇၀(A)လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးကျော်သီဟ ၁၂/ထတပ(နိုင်)၀၇၆၆၁၆၏ MAEX အစုရှယ်ယာသက်သေခံ လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၅၀၆၂၄၄၉**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်နေ (ဘ) ဦးတင်ထွန်း၏ သမီးဖြစ်သူ မစန္ဒာဝင်း (ခ) မပန်းအိကျော် ၁၂/ဥကတ(နိုင်) ၁၃၉၉၈၈ သည် တစ်ဦးတည်းဖြစ်ပါသည်။

**မစန္ဒာဝင်း (ခ) မပန်းအိကျော်**

## ပတ်စ်ပို့ပျောက်

လားရှိုးမြို့နေ ဦးစိုးတင့်၏ သား ကျွန်တော် မောင်ပြည့်ဖြိုးနိုင် ၁၃/လရန(နိုင်)၁၆၇၂၁၃ ၏ နိုင်ငံကူး လက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၈၈၉၁၈၀၁၈**

## ပတ်စ်ပို့ပျောက်

ကျောက်မဲမြို့နေ ဦးဘငွေ၏ သမီးဖြစ်သူ ကျွန်မ မဖြူနှင်းစံ ၁၃/ကမန(နိုင်)၁၀၂၁၀၉ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၆၆၂၀၂၁၇၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/87134 Kamax 110(K.2), M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇင်ဘိုမြင့် ၉/ခမစ (နိုင်)၀၅၆၈၃၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6C/9417 Toyota Crown JZS175, Saloon(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးသက်ကိုကိုဦး ၁၃/ခရဟ(နိုင်)၀၀၀၃၀၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ဃ/၁၄၄၂ Luojia-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန္ဒာဝင်း ၉/မနမ(နိုင်)၁၁၃၅၀၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၃၊ မြေကွက်အမှတ် ၇၇၇၊ မြေကွက်တည်နေရာ အမှတ်-၇၇၇၊ ၁၅၃ ရပ်ကွက်၊ ဒဂုံတောင် ဒေါ်မမကြီး(ISN-၀၃၂၇၂၃) ၁၂/အစန(နိုင်)၀၄၁၉၉၀ အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဒေါ်မမကြီးထံမှ အရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဒေါ်ဝါဝါစုအောင် ၁၀/လမန(နိုင်)၀၀၇၂၄၈ မှ ပါမစ်မူရင်း၊ မိသားစုဓာတ်ပုံ၊ ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်၊ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်၊ မြေနေရာချထားပေးခံရသူများ၏ မှီခို သူများစာရင်း၊ အရပ်ကတိစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ နှစ်(၆၀)မြေငှားဂရန် လျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေကွက်လပ်ဖြစ်ပြီး ဒေါ်ဝါဝါစုအောင်မှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ဒေါ်ဝါဝါစုအောင်၏ နှစ်(၆၀)မြေငှားဂရန် လျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၂၀) ရပ်ကွက်၊ မင်းကျော်စွာ၊ (၉)လမ်း၊ အမှတ်-၈၀၆နေ ဒေါ်အေးစံပယ်ဝင်း (ဘ) ဦးတင်ဝင်း ၁၂/ပဇတ(နိုင်)၀၀၁၃၁၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ၏ ဖခင်(ဦးတင်ဝင်း) ကွယ်လွန်နှင့် မိခင်(ဒေါ်မြင့်မြင့်မိုး) ကွယ်လွန် တို့ထံတွင် သား/သမီး (၂)ဦး ထွန်းကားခဲ့ပြီး ကျွန်ုပ်မိတ်ဆွေ ဒေါ်အေးစံပယ်ဝင်းနှင့် ဦးသူရိန်တို့ဖြစ်ကြပါသည်။ မိဘများ ကျန်ရစ်ခဲ့သော မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆိုင်ပစ္စည်းများဖြစ်ကြသည့် အမှတ်(၇၇၂)၊ (၇)ရပ်ကွက်၊ မိုးကောင်းလမ်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ အကျယ်အဝန်း (၄၀ x ၆၀)ပေရှိ အိမ်ခြံမြေနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းဖြစ်သည့် (၁) 4D/3220 TOYOTAL VAN (၂) 1D/1210 TOYOTAL FIELDER အမျိုးအစားတို့အား ကျွန်ုပ်မိတ်ဆွေ ဒေါ်အေးစံပယ်ဝင်း၏ ခွင့်ပြုချက်မရှိဘဲ အထက်ဖော်ပြပါ ဖခင်၏ ကျန်ရစ်သောပစ္စည်းများကို ရောင်းချခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ လွှဲပြောင်းခြင်းတို့အား လုံးဝ(လုံးဝ) ပြုလုပ်ခွင့်မပြုကြောင်း ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းဝင့်ဝင့်အောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၄၄၃)**
**အမှတ်(၅၁/ခ)၊ ၄ဝါမြိုင်လမ်း၊ (၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၄၀၀၂၇၇၇၂၅**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ ပင်လုံရပ်ကွက်၊ နယ်မြေ-၃၊ အိမ်အမှတ်(၁၅)၊ ဆိပ်ကမ်းသာယာလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်၊ ဦးပိုင်အမှတ်-၄၀၊ မြေဧက ၀ ဒသမ ၁၂၃မြေနေရာအား ဒေါ်ဝုန်လျှန်းကျိန် ၅/ကလထ(နိုင်)၀၁၉၃၁၁ အမည်ဖြင့် အမည်ပြောင်းလျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်မူရင်းနှင့် ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဝုန်လျှန်းကျိန်**
**၅/ကလထ(နိုင်)၀၁၉၃၁၁**
**အမှတ်(၁၄၃)၊ (၃)လွှာ၊ မြန်မာ့ဂုဏ်ရည်လမ်း၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်လေးရပ်ကွက်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ အသသကလမ်း၊ မြေကွက်အမှတ်(၈)၊ အကျယ်အဝန်း(၄၀ x ၆၀)ပေပေါ်ရှိ (၆)ထပ်တိုက်၏ ဘယ်ဘက်မြေညီမှန်ခန်း(A)ခြမ်း၊ (၁၉ x ၅၄)ပေရှိ တိုက်ခန်းကို ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုကြသူ ဒေါ်သန့်သန့်ဝင်း ၁/မကန(နိုင်)၀၇၆၈၂၀ နှင့် ဒေါ်နှင်းဆီခင် ၁၃/မဆန(နိုင်)၀၂၃၈၀၀ တို့ထံမှ ယင်းတိုက်ခန်းကို အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်မာသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြင့်ထွန်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၉၅၇၅)**
**ဖုန်း-၀၉-၄၂၃၇၂၅၂၀**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဗျိုင်းရွာမရပ်ကွက်၊ ၁၅၂ လမ်း၊ အမှတ် (၂၄)၊ ဒုတိယထပ်၊ ၃ လွှာ(ခေါင်းရင်းခန်း)၊ အလျား x အနံ (၁၂ $\frac{၃}{၂}$' x ၅၀') အကျယ်အဝန်းရှိ တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်စိုးစိုးမိုး ၁၄/မအပ(နိုင်)၀၀၀၄၃၄ မှ ရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့်မူ ၁၂/ကမရ(နိုင်)၀၃၁၂၂၉ က ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဟေမာန်အောင် (LL.B) W.I.P.O**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၉၆၈/၁၇)**
**အမှတ် (၂၆)၊ သတိပဋ္ဌာန်လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၀၉-၄၂၁၀၀၉၀၀၃**

## ဦးထွန်းအေး

## အသက်(၈၉)နှစ်

တောင်ကြီးမြို့နေ (ဦးဘထွန်း-ဒေါ်ကြုပ်)တို့၏သား ၊ ပညာဝန် (ဦးဖိုးကောင်း-ဒေါ်ငြိမ်းငြိမ်း)တို့၏သားသမက်၊ ဒေါ်နီနီဝင်း၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးနိုင်ဌေး-ဒေါ်မိုမိုအိ၊ ဦးနိုင်ဝင်း-ဒေါ်ကြေးမုံ၊ ဦးနိုင်အေး-ဒေါ်ငွေဇာဖူး တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုး ဦးထွန်းအေး အသက်(၈၉)နှစ်သည် ၂-၄-၂၀၂၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ခင်ခင်ကြီး(ပြည်တွင်းအခွန်)

## အသက် (၇၇)နှစ်

ရန်ကုန်မြို့၊ အမှတ် (၄၈)၊ ၃၂ ရပ်ကွက်၊ ဦးပုညလမ်း၊ မြောက်ဒဂုံမြို့နယ်နေ (ဦးခင်မောင်အုန်း)၏ဇနီး၊ ဂျေမောင်မောင်၊ ဂျေညီညီထွန်းသူရ၊ ဂျေညီမလေးတို့၏မိခင်၊ မြေး (၆)ယောက်တို့၏အဘွား၊ မြစ် (၈)ယောက်တို့၏အဘွားဖြစ်သူ ဒေါ်ခင်ခင်ကြီးသည် ၂-၄-၂၀၂၄ရက်၊ (အင်္ဂါနေ့) ည ၈:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၂၄ ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

### ပတ်စ်ပို့ ပျောက်ဆုံးကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်နေ ဦးလမင်းထွန်း၏သား မောင်ဘုန်းဆက်နိုင် ၁၄/ပသန(နိုင်) ၃၅၁၃၇၏ ပတ်စ်ပို့နံပါတ် MG-549541မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၄၅၂၇၇၅၂

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3C/9325 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊
ပြည်နယ်ရုံး(မြစ်ကြီးနား)
မြစ်ကြီးနားမြို့

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်ခင်ခင်ထူး(မြောင်းမြ)

## အသက်(၈၃)နှစ်

မြောင်းမြမြို့၊ အမှတ်(၁)ဗောဓိပင်လမ်းနေ (အရေးပိုင်မင်း ဦးစံရှိန်-ဒေါ်ကြူကြူ)တို့၏သမီးထွေး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ အမှတ်(၉၂)နေ ဦးရဲလွင်၏ ချစ်လှစွာသောဇနီး၊ (ဦးရဲထူးအောင်)၊ (ဦးအေးမင်းနောင်)-ဒေါ်လွင်ချောချော၊ ဦးကိုကိုမင်းစံ-ဒေါ်မေဇင်ဦးတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မသွန်းလဝန်းသာ၊ မောင်ကောင်းမိုး၁(ခ)မောင်ချမ်းမြေ့နောင်၊ မောင်ချစ်ကိုကိုအောင်၊ မောင်ခန့်ဒီပါစံတို့၏ မားမားကြီးသည် ၃-၄-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၃၀နာရီတွင် ဇွဲပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၂၄ရက် (သောကြာနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်၌ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (မရမ်းကုန်းနေအိမ်မှကားများ နံနက် ၇:၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဒေါ်ခင်ခင်ကြီး(ပြည်တွင်းအခွန်)

## အသက် (၇၇)နှစ်

ရန်ကုန်မြို့ အမှတ် (၄၈)၊ ၃၂ ရပ်ကွက်၊ ဦးပုညလမ်း၊ မြောက်ဒဂုံမြို့နယ်နေ (ဦးခင်မောင်အုန်း)၏ ချစ်လှစွာသောဇနီး (ဗိုလ်ကြီးမြင့်ဌေး-ဒေါ်ခင်မေကြီး) တို့၏သမီး၊ (ဦးခင်မောင်ဦး-ဒေါ်အေးအေးမူ)တို့၏ညီမ၊ (ဦးချာလီ)-ဒေါ်ခင်ခင်မြ- (ဦးတင်မောင်အေး-ဒေါ်ခိုင်ခိုင်တင့်)၊ ဦးကျော်သောင်း-ဒေါ်ခင်သိန်း၊ (ဦးမြင့်သိန်းဦး)-ဒေါ်ခင်ရဲထွဋ်၊ ဦးမောင်မောင်စိုး-ဒေါ်မာမာတင့်တို့၏အစ်မ၊ တူ၊ တူမ (၁၄)ယောက်တို့၏အဒေါ်၊ မြေး (၂၀) ယောက်တို့၏အဘွား ဒေါ်ခင်ခင်ကြီးသည် ၂-၄-၂၀၂၄ရက် (အင်္ဂါနေ့) ည ၈:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၂၄ ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများနံနက် ၁၀:၃၀ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3C/9327 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊
ပြည်နယ်ရုံး(မြစ်ကြီးနား)
မြစ်ကြီးနားမြို့

### သွေးသည် အသက်

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန်ဒါယကာကြီး ဦးမင်းမင်းလတ်

### တေဇ (၂၅)

### အသက် (၄၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ကံဘဲ့၊ သစ္စာရိပ်သာလမ်းသွယ်နေ ဦးခင်မောင်လတ်-(ဒေါ်ခင်ခင်လေး) တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်နေ (ဦးထင်ကျော်)-ဒေါ်ခင်ကြည်တို့၏သားသမက်၊ ဦးထွန်းထွန်းလတ်-ဒေါ်ခင်ယုမွန် တို့၏ညီ၊ ဦးဘိုဘိုလတ်-ဒေါ်အေးမြတ်သီရိ တို့၏အစ်ကို၊ မပန်းသီရိထွန်း၊ မဆုသီရိစံ တို့၏ဦးလေး၊ ပဲခူးတက္ကသိုလ်ဝန်း၊ တောင်ငူဆောင်နေ ဒေါ်မြင့်မြင့်ချို (တွဲဖက်ပါမောက္ခ/ ဌာနမှူး၊ အင်္ဂလိပ်စာဌာန၊ ပဲခူးတက္ကသိုလ်)၏ ချစ်လှစွာသောခင်ပွန်းသည် ၃-၄-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉:၂၀နာရီတွင် ဇွဲ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ပဲခူးမြို့ ဆင်ဖြူကွင်းသုသာန်၌ သဂြိုဟ်ပြီးစီးပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၉-၄-၂၀၂၄ရက် (အင်္ဂါနေ့)တွင် နံနက် ၇ နာရီမှ ၁၁ နာရီထိ ပဲခူးတက္ကသိုလ်၊ အခန်းအမှတ် (၁၂)၊ တောင်ငူဆောင်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ပဲခူးမြို့၊ ဥသျှာမြို့သစ်၊ ရပ်ကွက်ကြီး(၈)၊ မြေတိုင်းရပ်ကွက်(၂၃)၊ မြေကွက်အမှတ်(၈၆၉၊ ၈၇၀၊ ၈၇၁၊ ၈၇၂၊ ၈၇၄၊ ၈၇၅၊ ၈၇၆၊ ၈၇၇)၊ ဧရိယာ (၀ဒသမ၄၄၀)ကေရှိ မြေနေရာတို့၏ မြေပေးမိန့်မူရင်းများမှာ ပျောက်ဆုံးနေပါသ ဖြင့် ဒေါ်သိင်္ဂီဆွေမှ မြေပေးမိန့် ပြန်လည်လျှောက်ထားမည်ဖြစ်သည့်အတွက် ကန့်ကွက်လိုသူများရှိပါက မည်သည့်အတွက် ကန့်ကွက်ခြင်းဖြစ်ကြောင်း ခိုင်မာသည့် အထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး(သို့) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတို့၌ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

ဒေါ်သိင်္ဂီဆွေ (ဘ)ဦးမင်းဆွေ
၇/ပခန(နိုင်) ၀၀၆၇၅၂
ရပ်ကွက်ကြီး(၈)၊ ပဲခူးဥသျှာမြို့သစ်

### ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့ သစ်(တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်-(၅၅)၊ အောင်ဇေယျလမ်း၊ အမှတ်- (၁၁၇၉)၊ ပေ (၄၀ x ၆၀)မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်းပေ (၁၀ x ၆၀) ရှိသည့် အိမ်ခြံမြေနှင့် ဦးဘိုနီ အမည်ပေါက် ပါမစ်မူရင်းခြမ်းအား အရောင်းအဝယ် ပြုလုပ်မည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ အိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိ ပိုင်ဆိုင်သူ ဒေါ်သုသုဝင်း(၁၂/ဒဂတ(နိုင်)၀၇၃၂၉၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းဝင်း(၁၂/ကမရ(နိုင်)၀၂၈၈၃၄)မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ အိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခဲ့ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**ဦးသန်းဝင်း(၁၂/ကမရ(နိုင်)၀၂၈၈၃၄) လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သိင်္ဂီအေး (စဥ် - ၁၄၈၁၉) LL.B, D.B.L (တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(၇၆၂)၊သုဇာတာ(၁၁)လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၂၀၀၆၉၁၅၂**

### ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၅၀)၊ အမှတ်(၁၈၀၄)၊ အကျယ်အဝန်း(၄၀ x ၆၀)ပေရှိ မြေကွက်နှင့် ဦးစံအေး အမည်ပေါက် ပါမစ်မူရင်းအား အရောင်းအဝယ် ပြုလုပ်မည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိ ပိုင်ဆိုင်သူ ဒေါ်သင်းသင်းဝေ ၁၂/သဃက(နိုင်) ၁၇၁၀၀၁ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ရီမီထွေး ၇/ဖမန(နိုင်) ၁၄၅၇၂၀မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ မြေ ကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်း မူရင်းများနှင့်တကွ အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခဲ့ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေ နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရီမီထွေး ၇/ဖမန(နိုင်)၁၄၅၇၂၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သိင်္ဂီအေး LL.B,D.B.L**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၄၈၁၉)**
**အမှတ်(၇၆၂)၊ သုဇာတာ(၁၁)လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၂၀၀၆၉၁၅၂**

### မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၂၉ ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ အမှတ် (၄၁၀)နေ ဦးသန်းထွန်း၏သားဖြစ်သူ ဦးဟသ်ာ (၁၂/တမန(နိုင်)၀၉၉၁၀၈)၏ မွေးသက္ကရာဇ်အမှန်မှာ ၁၉-၀၇-၁၉၈၀ ဖြစ်ပါကြောင်း။

### ပတ်စ်ပို့ ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးရဲနိုင် ၉/မလန(နိုင်) ၁၄၅၆၅၉၏ နိုင်ငံကူးလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၃၈၇၅၁၆၈**

### အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ပြည်လမ်း၊ (၉)မိုင်၊ တော်ဝင်သီရိကွန်ဒို၊ Basement + RC (၁၂)ထပ် (Lift ပါ) အဆောက်အအုံ၏ အခန်းအမှတ်-(A-603)၊ (၆-လွှာ)၊ ဧရိယာ (၁၇၃၆) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်မြမြသင်း (၁၃/တကန(နိုင်)၁၁၅၂၁၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးဇော်မင်းထွန်း (၁၂/လကန(နိုင်)၁၆၆၃၄၈)၊ ဒေါ်ခင်ဇာဇာ (၁၂/မဂဒ(နိုင်)၀၉၀၄၀၃) တို့က အပြီးအပြတ်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာချုပ်စာတမ်း၊ စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန်အသိပေးကြေညာအပ်ပါသည်။

**ဦးဇော်မင်းထွန်း၊ ဒေါ်ခင်ဇာဇာတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ခိုင်ဝင်း (LL.B),WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ- (စဥ်-၁၅၃၈၈)**
**အမှတ်(၄၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

### အများသိစေရန် ကြေညာချက်

၁။ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ သဒ္ဓါရုံလမ်းနှင့်အနော်မာလမ်းထောင့်၊ မြေတိုင်းရပ်ကွက်အမှတ်(၂/မြောက်)၊ မြေကွက်အမှတ်(၅၉၃)၊ အမှတ်(၅၉၃)တွင် ၂ ခန်းတွဲ (၈)ထပ်တိုက် ( Pitch Roof) ( Lift ၁စီးပါ) အဆောက်အဦဆောက်လုပ်ရန် မြေရှင် ဒေါ်ညွှန့်၊ မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ ဒေါ်ညီညီဝင်း (RSE-Construction-23)နှင့် လိုင်စင်ရကန်ထရိုက်တာ ဦးအောမက်(LC-936) တို့ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ) ၏ ၅-၃-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ၇၇၂/၇၇၀/စည်ပင်-ယာ(အုံ)ဖြင့် ဆောက်လုပ်ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါ အဆောက်အဦအား ဆောက်လုပ်ရန် ဆန္ဒမရှိတော့ပါသဖြင့် ဆောက်လုပ်ခွင့်ပြုမိန့်အား ပယ်ဖျက်ပေးပါရန် မြေရှင်၊ မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ(RSE-Construction)နှင့် လိုင်စင်ရကန်ထရိုက်တာ (LC)တို့မှ အင်ဂျင်နီယာဌာန (အဆောက်အအုံ)သို့ တင်ပြလျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/3608, Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောဝင်းအောင် ၃/ဘအန(နိုင်)၁၄၇၉၉၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/18805, Suzuki Smash 112 M/C ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်ဝင်း ၇/ပမန(နိုင်)၁၅၉၅၇၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)ပြည်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5E/3708, Toyota Landcruiser Prado KZJ, Station Wagon ယာဉ်လက်ဝယ်ရှိသူ ဦးရန်အောင် ၁၂/လမန(နိုင်)၀၁၅၇၁၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံ သော အ ထော က် အ ထား မ ျား ဖြ င့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

### သားများအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

မကွေးမြို့၊ အမှတ်(၃၃၉)၊ အောင်မေတ္တာ(ဂ)ရပ်ကွက်၊ ၁၂ လမ်းနေ ဦးမြင့်စိန် ၈/ရနခ(နိုင်) ၀၃၇၃၉၄နှင့် ဒေါ်ခင်လှရီ ၈/ရနခ(နိုင်) ၀၃၇၇၇၀၁တို့၏ သားများဖြစ်သော မောင်နိုင်လင်းစိန် ၈/မကန(နိုင်) ၁၉၃၇၉၂နှင့်မောင်ဝင်းသူဟိန်း ၈/မကန(နိုင်) ၂၃၁၂၅၀တို့သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိဘများ နှင့် ညီအစ်ကိုမောင်နှမများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး မိဘပိုင်ငွေကြေးနှင့် ဥစ္စာပစ္စည်းများကို မိဘ၏ သဘောတူခွင့်ပြုချက်မရှိဘဲ မိမိတို့ သဘောစိတ်ကြိုက် စီမံခန့်ခွဲပြီး ၈/၂၀၂၃ လတွင် ၎င်းတို့၏ ဆန္ဒအလျောက် နေအိမ်မှထွက်ခွာသွားပါသဖြင့် ၄-၄-၂၀၂၄ရက်မှစ၍ သားများအဖြစ်မှ အပြီးအပိုင် အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် မောင်နိုင်လင်းစိန်၊ မောင်ဝင်းသူဟိန်းတို့နှင့် ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးမြင့်စိန်-ဒေါ်ခင်လှရီ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည် ဖြစ်သောကြောင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေတည်တံ့ခိုင်မြဲရေး ခိုင်မာသေချာစေရန် တပ်တွင်းစည်းလုံးညီညွတ်မှုကို ကျစ်လျစ်သေချာစွာ တည်ဆောက်သွားရန် အလေးအနက်ထားမှာကြားလို ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင် ပြုလုပ်သော စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၅) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

# စည်းကမ်းကောင်းပြီး အမိန့်နာခံမှုကောင်းသည့် ခေါင်းဆောင်ကောင်းများဖြစ်အောင် ကြိုးစားရမည် မိမိကွပ်ကဲရသည့် တပ်ဖွဲ့ကိုလည်း တပ်ဖွဲ့ကောင်းတစ်ရပ်ဖြစ်အောင် တည်ဆောက်သွားကြရန်လို

## တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၇) သီဟတပ်ခွဲ သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ



နေပြည်တော် ဧပြီ ၃

တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၂၇) သီဟတပ်ခွဲ သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဗထူးမြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး) စစ်ရေးပြကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်း တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်သန်းသန်းနွယ်၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကျော်ထင် ဦးအောင်အောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ဗထူးတပ်နယ်မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘများနှင့် ဆွေမျိုးများ၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)မှ နည်းပြများနှင့် ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းသည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး ဗိုလ်လောင်းတပ်ခွဲများအား လိုက်လံစစ်ဆေးသည်။ ထို့နောက် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲများ၏ အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)

*စာမျက်နှာ ၇ ကော်လံ ၁ ➜*

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်း တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၂၇) မှ အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်း အမှတ် ၃၁၊ ဗိုလ်လောင်း ပိုင်ဟိန်းသူအား ငွေဓားဆု ချီးမြှင့်ပေးအပ်စဉ်။

**ယနေ့ သတင်း အညွှန်း**


**နိုင်ငံတစ်ဝန်း ဖွင့်လှစ်ထားရှိသည့် စာကြည့်တိုက်များအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်** ပြည်တွင်းသတင်း စာ ၆

**ကမ္ဘာလုံးဆိုင်ရာ သဘာဝဘေးအန္တရာယ် ဖြစ်ပွားမှုတွင် အင်ဒိုနီးရှားနိုင်ငံက နံပါတ်နှစ်ဖြစ်** နိုင်ငံတကာသတင်း စာ ၁၇

**တေးသီချင်းဗီဒီယိုများ ရိုက်ကူးထုတ်လွှင့်ပြသမှုများနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရန် အသိပေးကြေညာခြင်း** ပြည်တွင်းသတင်း စာ ၁၈